# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၄၃ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

( ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော် ၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၃ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၄၃ ရက်မြောက်နေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၈)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၅.၄၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။(သြဘာသံများ)

# အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၄၃ ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့

လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးပေါလ်ထန်ထိုင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးပေါလ်ထန်ထိုင်း ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစတီဗင်သာဘိတ်သည် အစာအိမ်ရောဂါအား ပြန်လည်စစ်ဆေးရန် ခုတင်(၁၀၀၀)ဆေးရုံ ဆရာဝန်ကြီးနှင့် ထပ်မံပြသရန် ရှိပါသဖြင့် ၁-၁၁-၂၀၁၁ ရက်နေ့ (၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်း၏ ကိုယ်စား ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ကျွန်တော် ဦးပေါလ်ထန်ထိုင်း မှ တင်ပြတောင်းခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ရဲ့ ၁-၁၁-၂၀၁၁ ရက်နေ့ ခွင့်(၁)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးလှသိန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးလှသိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ထွန်း ဟာ ပခုက္ကူခရိုင်အတွင်းမှာ ရေဘေး

ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေ ပါသဖြင့် ၁-၁၁-၂၀၁၁ရက်နေ့ မှ ၃-၁၁-၂၀၁၁ ရက်နေ့ထိ (၃)ရက်ကို ခွင့်အဖြစ် ဆက်လက်သတ်မှတ် ပေးပါရန် မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးလှသိန်း က ဦးကြည်ထွန်း ကိုယ်စား လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ၊** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ထွန်းရဲ့ ၁-၁၁-၂၀၁၁ ရက်နေ့မှ ၃-၁၁-၂၀၁၁ ရက်နေ့အထိ ခွင့်(၃)ရက် ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဝင်းမောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးဝင်းမောင်မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဒေါက်တာစိုးထွန်းသည် ခါးနာတဲ့ဝေဒနာနဲ့မန္တလေးအရိုးရောဂါအထူးကု ဆေးရုံကြီးမှာ အတွင်းလူနာအဖြစ် ဆက်လက်ဆေးကုသမှု ခံယူနေပါသောကြောင့် ၁-၁၁-၂၀၁၁ ရက်နေ့မှ အမျိုးသားလွှတ်တော် အစည်းအဝေးပြီးသည်အထိ ဆက်လက်၍ခွင့်ခံစားခွင့်ပြုပါရန် ဒေါက်တာစိုးထွန်း ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းမောင် က လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ၊** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးထွန်းရဲ့ ၁-၁၁-၂၀၁၁ ရက်နေ့မှ အမျိုးသားလွှတ်တော်အစည်းအဝေး ပြီးသည်အထိ ခွင့်ပန်ကြားချက်ကိုခွင့်ပြုဖို့ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဝင်းနောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ ဟာ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်မှာ ကျင်းပပြုလုပ်မယ့် ၃၇ ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးဆွေးနွေးပွဲညှိနှိုင်းအစည်းအဝေးကို ဥက္ကဋ္ဌအဖြစ်နဲ့တာဝန်ယူဆောင်ရွက်ဖို့ ရှိတဲ့အတွက်ကြောင့်လွှတ်တော်အစည်းအဝေးမတက်ရောက်နိုင်တဲ့ ၁-၁၁-၂၀၁၁ ရက်နေ့မှ ၄-၁၁-၂၀၁၁ ရက်နေ့အထိ ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဒေါက်တာခင်ရွှေရဲ့ကိုယ်စား ကျွန်တော် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင်က လေးစားစွာဖြင့်ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ၊** ။ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေရဲ့ ၁-၁၁-၂၀၁၁ ရက်နေ့မှ ၄-၁၁-၂၀၁၁ ရက်နေ့အထိ ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ရီ တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုးဟန်လင်းသည် အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ၂၆ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ပါဝင်ယှဉ်ပြိုင်ရမယ့် ဘောလုံးအသင်းများရဲ့ကိုယ်စား ပိုင်ရှင်လေ့လာသူအဖြစ်နဲ့ တက်ရောက်ရန် ရွေးချယ်တာဝန်ပေးခြင်းခံရပါတယ်။ သို့ဖြစ်ပါ၍ ၎င်းအား ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၄ ရက်နေ့အထိ ကျင်းပမည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ခြင်းမှ ခွင့်ပြုနိုင်ပါရန် ကျွန်တော် ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသား လွှတ်တော်ကိုယ်စားလှယ်မှလေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျားအကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ၊** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဟန်လင်း ရဲ့ ၁-၁၁-၂၀၁၁ ရက်နေ့မှ ၄-၁၁-၂၀၁၁ ရက်နေ့အထိ ခွင့်ပန်ကြား ချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကိုအမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးနေဝင်းထွန်း၊ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)၏ သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းထူထောင်ခွင့်ပြုရန်အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်းနှင့်အမျိုးသားလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးနေဝင်းထွန်း တင်သွင်းထားတဲ့ သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း ထူထောင်ခွင့်ပြုရန် အဆိုကို ဆက်လက်ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆွေးနွေးဖို့ဖြစ်ပါတယ်။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော်ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၀း၀၉။**

**ဦးထွန်းကျော်၊ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်တဲ့အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး လေးစားစွာ ဂါရဝပြုပါကြောင်း ပဏာမပြောကြားအပ်ပါတယ်။ ကျွန်တော်ဟာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မဲဆန္ဒနယ်အမှတ်(၁၀) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကျော် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) မဲဆန္ဒနယ် အမှတ်(၉) ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးနေဝင်းထွန်း ၏ သတ္တုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဖောင်ဒေးရှင်း ထူထောင်ခွင့်ပြုရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား၊မိမိရဲ့ ထောက်ခံဆွေးနွေးမှုကို စာအားဖြင့် ဖတ်ကြားခွင့်ပြုပေးရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ဘူမိဗေဒပညာရှင် မဟုတ်သလို သတ္တုလုပ်ငန်း ကျွမ်းကျင်တဲ့လူလည်း မဟုတ်ပါ။ ဦးနေဝင်းထွန်း ရဲ့ ကောင်းမွန်မှန်ကန်တဲ့ ရည်ရွယ်ချက်နဲ့ တိုင်းပြည်နဲ့လူမျိုးအပေါ် စေတနာထားရှိမှုကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အရင်းအနှီး ကျပ်သိန်းပေါင်း (၁၅၀၀၀) ရက်ရောစွာထည့်ဝင်မတည်ပြီး တည်ထောင်ပေးမယ့် သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းထူထောင်ခွင့်ပြုရန်အဆိုကို လှိုက်လှဲစွာကြိုဆို ပါကြောင်း မိမိ၏အမြင်အတိုင်း ရိုးသားစွာ ထောက်ခံဆွေးနွေးသွားပါမယ်။ ထောက်ခံဆွေးနွေးမယ့် ပုဂ္ဂိုလ်များ များပြားတဲ့အတွက် အကျဉ်းချုံ့ပြီး ဆွေးနွေးသွားမည်ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်ဟာမြေပေါ်မြေအောက်၊ရေပေါ်ရေအောက် သယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်ပါတယ်။ မြောက်ဘက်အစွန်ဆုံး ကချင်ပြည်နယ်မှ သည် တောင်ဘက်အကျဆုံး တနင်္သာရီတိုင်းဒေသကြီးအထိ အရှေ့ဘက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှသည် အနောက်ဘက် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်အထိ သတ္တုမျိုးစုံထွက်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီသတ္တုတွေဟာ အခုမှ ရှာဖွေတွေ့ရှိခြင်းမဟုတ်ဘဲ ရှေးဘုရင်မင်းများ လက်ထက်ကတည်းက တွေ့ရှိတူးဖော်အသုံးပြုနေပြီဆိုတာ သမိုင်းအရ တွေ့ရှိရပါတယ်။ ပတ္တမြားငမောက်ဆိုတာ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့ကရရှိတဲ့ ပြည်တန်ပတ္တမြားပါ။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ္မတူမြို့နယ် ဘော်တွင်းကို ကိုလိုနီခေတ် မတိုင်ခင်ကတည်းက ရှေးဘုရင်မင်းများရဲ့ခွင့်ပြုချက်ဖြင့် တရုတ်လုပ်ငန်းရှင်များတူးဖော်ပြီးဖြစ်ပါတယ်။ ကိုလိုနီလက်ထက်ရောက်တဲ့အခါ ဘုံဘေဘားမား ကုမ္ပဏီက ဆက်လက်ပြီး အကြီးအကျယ်တူးဖော်လုပ်ကိုင်ခြင်းပဲ ဖြစ်ပါတယ်။ မြန်မာပြည် အလယ်ပိုင်း မြေလတ်ဒေသ ချောက်၊ ရေနံချောင်းမှာလည်း ရေနံကို လက်ယက်တွင်း တူးခဲ့ ပါတယ်။ ၎င်းရေနံမြေကို နယ်စား၊ ပယ်စားအဖြစ် ရှေးဘုရင်မင်းများ ချီးမြှင့်ခဲ့ပါတယ်။ ကိုလိုနီ လက်ထက်ကျမှ စက်မှုလုပ်ငန်းကြီးအဖြစ် တိုးချဲ့လုပ်ကိုင်ခဲ့ပြီး လွတ်လပ်ရေးအကြိုကာလမှာ ရေနံမြေသပိတ်၊ ရေနံမြေအလုပ်သမားများဆိုတာ မြန်မာ့လွတ်လပ်ရေးသမိုင်းမှာ အဓိကအခန်း ကဏ္ဍမှာ ပါဝင်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်ဒီမိုကရေစီ အစိုးရခေတ်မှာ တိုင်းပြည်မငြိမ်မသက်မှုကြောင့် ရှေ့ဆက်ပြီး သတ္တုလုပ်ငန်းကို တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ခြင်း မရှိခဲ့ပါ။ တစ်ဖန် ၁၉၆၇ ခုနှစ်နောက်ပိုင်း ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တဲ့အတွက်

ရှိရင်းစွဲ ပုဂ္ဂလိကစက်မှုလုပ်ငန်းများပါရပ်ဆိုင်းခဲ့ရပါတယ်။၁၉၈၈ ခုနှစ်နောက်ပိုင်းကုမ္ပဏီကြီးများ လုပ်ပိုင်ခွင့်ပြုလိုက်တဲ့အခါ ဒေသခံလုပ်ငန်းရှင်များ တစ်နိုင်တစ်ပိုင်လုပ်ငန်းငယ်များ၊ ကုမ္ပဏီကြီးများကိုမယှဉ်နိုင်တဲ့အတွက် လုပ်ငန်းပြောင်းတာတွေ၊ တချို့လည်း ၎င်းကုမ္ပဏီကြီးများ၏ လုပ်ခစားအဖြစ် ဝင်လုပ်ကြတာတွေ တွေ့ရပါတယ်။ ကျောက်မျက်ထွက်ရှိတဲ့ မိုးကုတ်မြို့မှာလည်းကောင်း၊ ကျောက်စိမ်းထွက်တဲ့ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်မှာသော်လည်းကောင်း ဤအဖြစ်မျိုးကြုံတွေ့ရတာဟာသက်သေသာဓက ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်များ၏ တင်ပြချက်အရ တနင်္သာရီတိုင်းမှာလည်း တစ်နိုင်တစ်ပိုင်လုပ်ကွက်ငယ်များ ပျောက်ကွယ်သွားသလောက်ဖြစ်ခဲ့ရပါတယ်။ မည်သို့ဆိုစေ ယနေ့ ပြည်သူ့အစိုးရခေတ်သို့ ရောက်ရှိလာပါပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ(က) အရ အဖွဲ့အစည်းများနည်းတူ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း တန်းတူလုပ်ကိုင်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ပုဒ်မခွဲ(ခ)အရ စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်နိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတွေအကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်ဟု အတိအလင်းဖော်ပြထားပြီးဖြစ်ပါတယ်။ ဒုတိယအချက်အနေဖြင့် သတိပြုရမှာက မည်သည့်မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် တွင်းထွက်သတ္တုဖြစ်စေ အလွန်အကျွံမဆင်မခြင်ထုတ်သုံးလျှင် အချိန်တိုအတွင်း ကုန်ခန်းသွားနိုင်ပါတယ်။ မြေလတ်ဒေသက ရေနံတွင်းများဟာ ကိုလိုနီခေတ်က အင်္ဂလိပ်လုပ်ငန်းရှင်များက လက်ကုန်နှိုက်သွားခဲ့လို့ မိမိတို့လက်ထက်မှာ အထွက်နှုန်းကျဆင်းသွားပါတယ်။ အလားတူမိုးကုတ်မြို့မှာဆိုရင်ယခင်ကလမ်းဖောက်၊ရေမြောင်းတူး၊ကျင်းတူးရာမှာကျောက်ကောင်းများကို ဖောဖောသီသီရရှိခဲ့ကြပေမယ့် အခု ပေထောင်ချီပြီးတူး ကျောက်မိုင်းခွဲတာတောင်မှ ရချင်မှရရှိနိုင်တဲ့ အခြေအနေရောက်နေပါပြီ။ မကြာသေးခင်တုန်းက ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးဒေသမှာ ပတ္တမြားကို အကြီးအကျယ်ထွက်ခဲ့တာ အခုဆို မထွက်သလောက် ဖြစ်နေပါပြီ။ ဆိုလိုတာက ဘယ်သယံဇာတမဆို အမြဲတမ်းမထွက်နိုင်ပါဘူး။ တူးဖော်တာနဲ့အမျှ အချိန်ကာလတစ်ခုအတွင်းမှာကုန်ခန်းသွားမှာဖြစ်ပါတယ်။ တစ်ဖန်မြေပေါ်မြေအောက် သယံဇာတကိုတူးဖော်ထုတ်လုပ်ရာမှာ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင်၊ သစ်တောသယံဇာတမပျက်စီးအောင်၊ ဂေဟစနစ် မပျက်စီးအောင် အထူးဂရုပြုရမှာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့(၁၅)နှစ်ခန့်က မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် လက်ပံခြေဒေသမှာ ရွှေအကြီးအကျယ်တူးဖော်ခဲ့ကြပါတယ်။ ရိုးရိုး

လုပ်နည်းလုပ်ဟန်ထက် ဓာတုဆေးဝါးပစ္စည်းတွေ၊ ဆိုဒ်ရာနိုက်တွေ သုံးလာတဲ့အတွက် ၎င်းစွန့်ပစ်ပစ္စည်း၊ ၎င်းစွန့်ပစ်ရေကိုသောက်သုံးမိတဲ့ ကျွဲ၊ နွားများ၊ တောကောင်တိရစ္ဆာန်များ သေဆုံးခဲ့တာဖြစ်ခဲ့ပါတယ်။ တချို့သုံးတဲ့ ဓာတုပစ္စည်းဟာ အဆိပ်ပြင်းတဲ့အတွက် ၎င်းသေဆုံးတဲ့ သားကောင်တွေကို စားသုံးမိတဲ့ တိရစ္ဆာန်များ၊ လူများ ဒုတိယအကြိမ် ထပ်မံပြီးတော့မှသေတယ်လို့ ကြားသိခဲ့ရပါတယ်။ အလားတူပါပဲ ဒေသခံကိုယ်စားလှယ်ကြီးများရဲ့ တင်ပြချက်အရ ကျောက်စိမ်းကို တူးဖော်ရာမှာ စက်ယန္တရားကြီးများဖြင့် နေ့/ညမဆိုင်း အထိန်းအကွပ်မရှိ တူးဖော်ခဲ့လို့ ဥရုချောင်း ရေစီးရေလာ ပျက်ဆီးတာတွေ၊ မိုးတွင်းမှာ မြေပြိုရေတိုက်စားသဖြင့် ခရီးသွားလာရေးကအစ ကျေးရွာတွေ၊ ရပ်ကွက်တွေ အန္တရာယ်ကျရောက် ခံစားခဲ့ရတယ်လို့ သိရှိရပါတယ်။ ဒီရေတောတွေ အလွန်အကျွံ ခုတ်ထွင်တဲ့အတွက် လေမုန်တိုင်းကျရောက်တဲ့အခါ အကာအကွယ်မရှိလို့ ရေလှိုင်းဒဏ်တွေ လေတိုက်ခတ်တဲ့ဒဏ်တွေ ပိုမိုခံရတဲ့အတွက် အပျက်အစီးပိုများခဲ့တာ နာဂစ်တုန်းကသက်သေခံပြီး ဖြစ်ပါတယ်။ မကြာသောကာလမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းနိုင်တော့မှာ ဖြစ်ပါတယ်။ ဥပဒေဆိုတာ ပြဋ္ဌာန်းရုံနဲ့ မလုံလောက်ပါ။ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို အတိအကျ တသွေမတိမ်းလိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ်။ သစ်တောခုတ်ပြီဆိုရင် ပြန်စိုက်ပျိုးရပါမယ်။ သတ္တုတွေတူးဖော်ပြီးပါက မြေကိုပြုပြင်ပြီး သစ်တောများ၊ စိုက်ခင်းများ ပြန်စိုက်ပျိုးရပါမယ်။ သတ္တုတွေ ကျိုချက်ပြီးရင် ထွက်ပေါ်လာတဲ့ အခိုးအငွေ့တွေ၊ ဘေးဖြစ်စေတဲ့ အရည်တွေ၊ ဓာတ်သတ္တုအကြွင်းအကျန်တွေ စနစ်တကျ ပြုပြင်ထိန်းသိမ်းရပါမယ်။ ထွက်လာတဲ့ ရေကို စနစ်တကျပြုပြင်ထိန်းပြီးမှ ချောင်းထဲ၊ မြောင်းထဲ၊ မြစ်ထဲ ပို့လွှတ်ရပါမယ်။ တချို့ ဓာတုဗေဒဆေးဝါးတွေဟာ အခုကိုင်လို့တွေ့ထိလို့ ဘာမှအန္တရာယ်မဖြစ်ပေမယ့် ကိုင်ဖန်များတဲ့အခါ တွေ့ထိဖန်များတဲ့အခါ သတ်မှတ်ထားတဲ့ အတိုင်းအတာရောက်ပြီဆိုရင် ချက်ချင်းဒုက္ခပေးတတ်ပါတယ်။ Common Effect ရှိလို့ဖြစ်ပါတယ်။ စိုက်ပျိုးရေးမှာသုံးတဲ့ ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ ကိုင်တွယ်ရာမှာ လက်အိတ်စွပ်ဖို့ လိုအပ်ပါတယ်။ ဥရုချောင်းတစ်လျှောက် ဘေးနှစ်ဖက် ပေ (၃၀၀)အတွင်း ထပ်မံပြီး လုပ်ကွက်မချတော့တာတွေ၊ ချထားပေးပြီးဖြစ်တဲ့ လုပ်ကွက်လိုင်စင် သက်တမ်းကုန်ရင် ထပ်မံမတိုးပေးတော့တာတွေ၊ ဧရာဝတီမြစ်ဖျားမှာလည်း လုပ်ငန်းသက်တမ်းကုန်ဆုံးပြီဖြစ်တဲ့ ရွှေတူးဖော်ရေးလုပ်ငန်းများကို လုပ်ခွင့်မပေးတော့တာတွေ သက်ဆိုင်ရာဌာနကြီးဌာနမှ ဖြေကြားတဲ့အတွက် သိရလို့ တိုင်းပြည်အတွက် တစ်စိတ်တစ်ပိုင်း စိတ်အေးရပါတယ်။ တူးဖော်လို့ ရရှိတဲ့တွင်းထွက်ပစ္စည်းတွေကိုဈေးကွက်တစ်ခုသတ်မှတ်ပြီးဝယ်ယူစုဆောင်းရပါမယ်။

ဟိုပုဂ္ဂိုလ်ကလည်းတူး၊ ဒီပုဂ္ဂိုလ်ကလည်းတူး၊ ဟိုပြည်နယ်ကလည်းတူး၊ ဒီတိုင်းဒေသကြီး ကလည်းတူးနဲ့ အများကြီးစုပုံထွက်လာတဲ့အခါ ဈေးကျသွားပါမယ်။ ထွက်လာတဲ့သတ္တုဈေးကွက် အာမခံချက်ရှိအောင် ကြိုတင်ပြီး စဉ်းစားထားရပါမယ်။ ကြိုတင်ဆောင်ရွက်ထားမှုမရှိပါက ငွေရှင်ကြေးရှင်တွေအတွက်၊ ကုန်သည်ပွဲစားတွေအတွက် လုပ်ပေးသလို ဖြစ်သွားပါမယ်။ တကယ်စိုက်ပျိုးတဲ့ တောင်သူလယ်သမား၊ တကယ်ပင်လယ်ပြင်မှာ ငါးရှာထွက်တဲ့တံငါသည် သူ့လုပ်အားကို စိုက်ထုတ်ပြီး ထုတ်လုပ်တဲ့လုပ်သားတွေအတွက် ဈေးကစားလုပ်တာတွေထက် ဈေးကစား ဂယ်ယူသိုလှောင်ပြီး တစ်ဆင့်ပြန်ရောင်းတဲ့ ကုန်သည်၊ ပွဲစားများ အကျိုးအမြတ် ပိုမိုရရှိ ခံစားတတ်ကြပါတယ်။ ၎င်းကုန်သည်ပွဲစားများရန်က ကာကွယ်နိုင်ရန် ကြိုတင်စီမံကိန်း ချပြီး ဆောင်ရွက်ထားဖို့ အလွန်အရေးကြီးပါတယ်။ ခုတ်ရာတစ်ခြား၊ ရှရာတစ်ခြား ဖြစ်သွားနိုင် ပါတယ်။ သယံဇာတဆိုတာ ထွက်လာတဲ့သတ္တုကုန်ကြမ်းကို ဒီအတိုင်းရောင်းတာထက် ပိုမိုအကျိုး ရှိအောင် ကုန်ချောအဖြစ်သော်လည်းကောင်း၊ ကုန်ချောတစ်ပိုင်းအဖြစ်သော်လည်းကောင်း ပြုပြင် မွမ်းမံပြီးမှ ရောင်းပါက ပိုမိုအကျိုးအမြတ်များနိုင်မယ် ဖြစ်ပါတယ်။ ထွက်လာတဲ့ ကျောက်စိမ်း တုံးကို ဒီအတိုင်ချရောင်းတာထက် ပန်းပုရုပ်တုတွေ၊ အသုံးအဆောင်ပစ္စည်းတွေအဖြစ် ထုဆစ်ပြီး ရောင်းပါက ပိုမိုဈေးကောင်းရရှိနိုင်မယ် ဖြစ်သကဲ့သို့ ပြည်တွင်းမှာလည်း အလုပ်အကိုင် ဖန်တီး ပေးနိုင်မယ် ဖြစ်ပါတယ်။ ပညာလည်းရ ဂင်ငွေလည်းတိုးမယ် ဖြစ်ပါတယ်။ သတ္တုတွေဆိုရင်လည်း Value Art ကုန်ပစ္စည်းအဖြစ် ထုတ်လုပ်ပြီး ရောင်းရပါမယ်။ ရှိရင်းစွဲ သယံဇာတပစ္စည်းတွေကို ခြိုးခြံချွေတာ ထုတ်လုပ်ရာလည်း ကျရောက်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးအောင် မြေပေါ်မြေအောက်မှာရှိတဲ့ တွင်းထွက်ပစ္စည်း များကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် လိုက်လံရှာဖွေ ဖော်ထုတ်သွားရပါမယ်။သွားရင်းလာရင်းနဲ့ အချို့ဒေသတွေမှာ ထူးခြားတဲ့ မြေအနေအထား၊ ကျောက်အနေအထားတွေ မြင်ရပါတယ်။ မိမိတို့ ဒေသမှာ မကြာသေးမီကာလက ဆီလီကွန်သတ္တုသိုက်ကို ရှာဖွေတွေ့ရှိရပါတယ်။ အရည်အသွေး ကောင်းမွန်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်တယ်လို့ သိရှိရပါတယ်။ ၎င်းဆီလီကွန်သတ္တုဟာ ယနေ့ ခေတ်ပေါ် Electronic ပစ္စည်းတွေ၊ Computer Chip တွေ CP Conductor တွေ ထုတ်လုပ် ရာမှာ မရှိမဖြစ်တဲ့ ပစ္စည်းပဲဖြစ်ပါတယ်။ ၎င်းသတ္တုကို အသုံးပြုရတဲ့အတွက် အမေရိကန်နိုင်ငံ မှာဆိုလျှင် Silicon Valley လို့ Hi-tech Electronic ပစ္စည်းထုတ်လုပ်တဲ့ဒေသကို ခေါ်ဆို ပါတယ်။ အလားတူ အိန္ဒိယမှာလည်းရှိတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ အခြား တိုင်းဒေသကြီး/

ပြည်နယ်မှာလည်း ထပ်ရှာမယ်ဆိုရင် ဗျူဟာမြောက်သတ္တုဖြစ်တဲ့ ယူရေနီယမ်တွေ၊ ပလူတိုနီယမ်တွေ၊ တန်ဖိုးရှိတဲ့ ပလက်တီနမ်တွေ တွေ့ရင်တွေ့ပါလိမ့်မယ်။ ဒေသခံတောင်သူဦးကြီးများဟာ နည်းပညာလည်းမသိ၊ အရင်းအနှီးမရှိလို့ ဘယ်လိုထုတ်ရမှန်း၊ ဘယ်မှာရောင်းရမှန်း၊ ဘယ်ဈေးရှိမှန်းမသိတဲ့အခါ စိတ်ဝင်စားမှုမရှိတော့ဘဲ မူလလက်ငုတ်အလုပ်ကိုပဲ ဆက်လက်လုပ်ကိုင်မြဲ လုပ်ကိုင်နေကြပါတယ်။ ရိုးသားလွန်းတာလည်းတစ်ကြောင်း၊ ဦးဆောင်လမ်းပြပေးမယ့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း မရှိတာကတစ်ကြောင်း ဖြစ်ပါတယ်။ တောင်သူဦးကြီးများ မူလစိုက်ပျိုးရေး လုပ်ငန်းမှာ နစ်မြုပ်ပြီး ဆင်းရဲမြဲဆင်းရဲနေရပါတယ်။ အကယ်၍ သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းကို အောင်မြင်စွာထူထောင်နိုင်ပါက သတ္တုများကို စမ်းသမ်းဖော်ထုတ်ပြီး စီးပွားဖြစ် ထုတ်လုပ်ပေးနိုင်တဲ့အထိ ကူညီပေးမယ်ဆိုရင် တောနေပြည်သူများ စီးပွားရေးအဆင်ပြေကာ လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ပါတယ်။ အလုပ်လက်မဲ့ ပြဿနာကိုလည်း တစ်ဖက်တစ်လမ်းက ဖြေရှင်းပြီးသား ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများကို အနှိမ်ခံ၊ အဖိနှိပ်ခံ သွားရောက်လုပ်ကိုင်စရာမလိုတော့ဘဲအိုးမကွာအိမ်မကွာမိသားစုသိုက်သိုက်ဝန်းဝန်းနဲ့ မိမိတိုင်းပြည်အတွင်းမှာဘေးအန္တရာယ်ကင်းစွာကျွန်ရေရရ လုပ်ကိုင်စားသောက်နိုင်ကြမှာဖြစ်ပါတယ်။ အသေးစားလုပ်ငန်းမှသည် အတွေ့အကြုံရရှိကာ တဖြည်းဖြည်း လုပ်ငန်းကြီးများအဖြစ်သို့ ကူးပြောင်းကာ Export အဆင့်ထုတ်လုပ်နိုင်တဲ့အထိ မျှော်လင့်နိုင်ပါတယ်။ အိမ်နီးချင်း တရုတ်ပြည်၊ ယူနန်ပြည်နယ် ရွှေလီမြို့မှ မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အထိ ရထားလမ်းဖောက်လုပ်ဖို့ နှစ်နိုင်ငံအစိုးရ သဘောတူညီမှုရရှိပြီလို့သိရှိရပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လာရှိုးမြို့အနီးတစ်ဝိုက်နဲ့ တန့်ယန်းမြို့နယ်အနီးတစ်ဝိုက်မှာအဆင့်မီကျောက်မီးသွေးကိုတိုးမြှင့်ထုတ်လုပ်ပြီး ၎င်းရထားလမ်းမှတစ်ဆင့် တရုတ်ပြည်သို့ များများစားစား ရောင်းချနိုင်ဖို့လိုပါတယ်။တရုတ်နိုင်ငံဟာမကြာသေးမီကာလက ရေနံစိမ်းတွေ၊ကျောက်မီးသွေးတွေ ထုတ်ရောင်းရတဲ့ နိုင်ငံပါ။အခု ရေနံကို တစ်ကမ္ဘာလုံးက ရသလောက်ရှာဝယ်တဲ့အပြင် ရေရှည်သေချာအောင်ဆိုပြီး ဖက်စပ်ရင်းနှီးပြီး တရုတ်ကို ရေနံပြန်သယ်လာပါတယ်။ ကျောက်မီးသွေးကို ဩစတေးလျနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံကနေ တစ်နှစ်တစ်နှစ် တန်ချိန်သိန်းချီပြီး ပြန်ဝယ်သုံးရတဲ့နိုင်ငံပါ။ လွန်ခဲ့တဲ့(၁၅)နှစ်၊ အနှစ်(၂၀)တုန်းက တရုတ်ပြည်ကနေ သံတိုသံစတွေ၊ အင်ဂျင်ဘလေအော်တွေ မြန်မာပြည်ကို အစုလိုက်အပြုံလိုက် ပေါပေါသီသီ ကုန်ကြမ်းအဖြစ် တင်သွင်းလာခဲ့ပါတယ်။ အခု တရုတ်ပြည်က စက်မှုထွန်းကားလာတဲ့အခါ မြန်မာပြည်ကရသမျှ သံထည်ပစ္စည်းအဟောင်းတွေကို ဈေးကောင်းပေးပြီး ပြန်ဝယ်တဲ့အတွက်

မိမိတို့နိုင်ငံ သံရည်ကျိုလုပ်ငန်းမှာ ကုန်ကြမ်းရှားပါး ပြတ်လပ်မှုကြုံခဲ့ရပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။စက်မှုနိုင်ငံတည်ဆောက်တဲ့အခါအခြေခံ အကျဆုံးဖြစ်တဲ့ သံသတ္တုကို များများရှာဖွေ သန့်စင်ထုတ်လုပ်နိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ မော်တော်ယာဥ်တွေ၊ ရထားတွေ၊ ရထားသံလမ်းတွေ၊ သင်္ဘောတွေ၊ အင်ဂျင်ဘလောက်တုံးတွေ၊ စက်ပစ္စည်းတွေ အများကြီးလိုအပ်သလို မြစ်ကူးတံတားတွေ၊ အဆောက်အဦ တည်ဆောက်တဲ့အခါမှာ အမာခံ သံထည်ပစ္စည်းတွေ မရှိမဖြစ်လိုအပ်ပါတယ်။ အခုလောလောဆယ် မုတ္တမပင်လယ်ကွေ့မှရတဲ့ သဘာဝဓာတ်ငွေ့ကို ယိုးဒယားကို ရောင်းတယ်။ ရခိုင်ကမ်းလွန်ဒေသမှာထွက်တဲ့ သဘာဝ ဓာတ်ငွေ့ကို တရုတ်ကိုရောင်းတယ်။နောက်ထွက်လာမယ့်သဘာဝဓာတ်ငွေ့ကိုမိမိတို့နိုင်ငံအတွင်း ကုန်ကြမ်းအဖြစ် အသုံးပြုပြီး ပလတ်စတစ်လုပ်ငန်း၊ ဖယောင်းတွေ၊ ဓာတ်မြေသြဇာတွေထုတ်နိုင် အောင်ကြိုးစားဖို့ လိုအပ်ပါတယ်။ အခုဆိုရင် မိမိတို့နိုင်ငံမှာ PVC ပလတ်စတစ်ပိုက်တွေ နေရာတကာမှာ အသုံးများနေပါပြီ။ အိမ်နီးချင်းတရုတ်ပြည်မှ ဓာတ်မြေသြဇာတွေ၊ ဖယောင်း ကုန်ကြမ်းတွေ၊ ဓာတ်သတ္တုပစ္စည်းတွေ၊ စက်ပစ္စည်းတွေ၊ ပလတ်စတစ်ပစ္စည်းတွေ နှစ်စဥ်နှစ်တိုင်း ဆယ့်နှစ်ဘီးကားကြီး အစီး(၅၀)ခန့်မှအစီး(၁၀၀)အထိ တင်သွင်းရတဲ့ ကုန်ပစ္စည်းတွေဖြစ်ပါတယ်။ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေပေါကြွယ်လို့ မိမိတို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးမယ်လို့ တထစ်ချ ယုံကြည်လို့မရပါ။ ထွက်လာတဲ့ သယံဇာတပစ္စည်းကို အကျိုးရှိရှိ ထုတ်လုပ်ရောင်းချ နိုင်မှ တိုင်းပြည်တိုးတက်လာမှာ ဖြစ်ပါတယ်။ အလေအလွင့်မရှိအောင် စီမံခန့်ခွဲသတ်မှတ် ရေရှည်အကျိုးခံစားနိုင်မှာဖြစ်ပါတယ်။ဂျပန်အစ္စရေးစင်္ကာပူနိုင်ငံတို့ဟာဘာသယံဇာတမှ မယ်မယ်ရရ မထွက်သော်လည်း Human Resources လူသားအရင်းအမြစ်ဖွံ့ဖြိုးလို့ တိုးတက်ချမ်းသာ ကြတာ ဖြစ်ပါတယ်။ စင်္ကာပူနိုင်ငံဆိုရင် ရေတောင်မှဝယ်သောက်ရတဲ့ နိုင်ငံဖြစ်ပါတယ်။ ရေဆိုး ကို သန့်စင်ပြီးမှသုံးရတဲ့နိုင်ငံငယ်ကလေးပါ။ပင်လယ်ကွေ့နိုင်ငံများဖြစ်ထဲ့ဆော်ဒီအာရေဗျကူဝိတ်တို့ ဟာ ရေနံကို လျှော့ထုတ်လာကြပါတယ်။ ရေနံစိမ်းကိုရောင်းထာထက် ရေနံကိုအခြေခံတဲ့ စက်မှု လုပ်ငန်းကို ထူထောင်ကြတာဖြစ်ပါတယ်။ ရေနံကနေ ပလတ်စတစ်ပစ္စည်းတွေ၊ ဖယောင်းတွေ၊ သုတ်ဆေးတွေ၊ ဓာတ်မြေသြဇာတွေ၊ ဆေးဝါးပစ္စည်းတွေ၊ ဓာတုပစ္စည်းတွေ ရသလောက်ထုတ်လုပ် ကြပါတယ်။ မိမိသယံဇာတကို အကျိုးရှိရှိ စီမံခန့်ခွဲကြခြင်းပဲဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးနေဝင်းထွန်း ရဲ့ သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းတည်ထောင်ရတဲ့ ရည်ရွယ်ချက်ထဲမှာ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ

ဒေသခံတိုင်းရင်းသားများမှမြန်မာနိုင်ငံ၏သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက်တစ်နိုင်တစ်ပိုင် သတ္တုတူးဖော်ထုတ်လုပ်ရေးများကို ဆောင်ရွက်ရာမှာ လိုအပ်တဲ့ ငွေကြေး၊ အရင်းအနှီး တစ်စိတ် တစ်ဒေသ ကူညီထောက်ပံ့ပေးခြင်း၊ သတ္တုအမျိုးအစားအလိုက် တူးဖော်ထုတ်လုပ်ရာမှာ လိုအပ်တဲ့ နည်းပညာနဲ့ တူးဖော်ခွင့်ကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက် ကူညီပေးခြင်း၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှု ပပျောက်ရေးကို အထောက်အကူဖြစ်စေခြင်း၊ နိုင်ငံတော်အတွက် အခွန်အခပိုမိုရရှိစေခြင်းနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျပြီး ပြည်ပသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ်သွားရောက်လုပ်ကိုင်ရမှု ပပျောက်စေရေးတို့ ဖြစ်တဲ့အတွက်တိုင်းပြည်အဖို့ရေရှည်မှာအမှန်တကယ်အကျိုးရှိမယ့်လုပ်ငန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးနေဝင်းထွန်း ၏ တိုင်းပြည်နှင့် အများပြည်သူအတွက် အကျိုးဆောင်တဲ့ စေတနာကိုလည်း အသိအမှတ်ပြု ရပါမယ်။ ၂၀၀၁ ခုနှစ်မှာ ဖားကန့်မြို့ရှိ တန်ချိန်(၃)သောင်း ကျော်ရှိတဲ့ ကျောက်စိမ်းကို နိုင်ငံတော်သို့ ပြည်တွင်းပြည်ပပုဂ္ဂိုလ်များ သွားရောက်လေ့လာနိုင်တဲ့ မြေအောက်သဘာဝ ကျောက်စိမ်းပြတိုက်အဖြစ်လှူဒါန်းခဲ့တဲ့အတွက်နိုင်ငံတော်မှ မဏိဇောတဓရဘွဲ့ကို ချီးမြှင့်ခဲ့ပါတယ်။ အခုတစ်ခါထပ်ပြီး တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးအလို့ငှာ ကျပ်သိန်းပေါင်း (၁၅၀၀၀) မတည်ပြီး (၁၀)နှစ်စီမံကိန်း ပတ္တမြားနဂါးဖောင်ဒေးရှင်း တည်ထောင်ခွင့်ပြုရန်ဆိုတဲ့ အဆိုကို တင်သွင်းတဲ့အတွက် ၎င်းအဆိုကို လှိုက်လှဲစွာထောက်ခံအပ်ပါတယ်။ တစ်ဆက်တည်း မှာပဲ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများအတွက် ပထမအကြိမ် ကျပ်သိန်းပေါင်း(၁၀၀၀၀) မတည် ရင်းနှီးတဲ့ မြရိပ်ညိုဖောင်ဒေးရှင်း တည်ထောင်သူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဇေကမ္ဘာ ဒေါက်တာခင်ရွှေ ကိုလည်း ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် ဒုတိယအကြိမ် နှင့် တတိယအကြိမ် ကျပ်သိန်းပေါင်း(၁၀၀၀၀)စီ ထပ်မံလှူဒါန်းပါမယ်လို့ ကတိပြုပြောကြားတာ ကြားသိရတဲ့အတွက် အများပြည်သူကိုယ်စား များစွာဝမ်းသာအားရ ပီတိဖြစ်ရပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၀။**

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးအမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးနေဝင်းထွန်း ရဲ့ သတ္တုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဖောင်ဒေးရှင်းထူထောင်ခွင့်ပြုရန် အဆိုကို ထောက်ခံတင်ပြလိုခြင်းဖြစ်ပါတယ်။ အဲဒီအဆိုဟာ နိုင်ငံတော်က လတ်တလောချမှတ်နေတဲ့ ဆောင်ရွက်နေတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်တို့နဲ့ အပ်စပ်ကြောင်းနဲ့ ဒီအဆိုမှာပါတဲ့ သတ္တုကဏ္ဍနဲ့ ဆက်နွယ်နေပုံတို့ကို ဆွေးနွေးတင်ပြလိုပါတယ်ခင်ဗျား။မြန်မာနိုင်ငံ လူဦးရေရဲ့ လေးပုံသုံးပုံနီးပါးရှိနေတဲ့ကျေးလက်ဒေသပြည်သူဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်အမြန်ရောက် လာဖို့ဆိုရင် အခြေခံအကျဆုံးက သူတို့အတွက် အရင်းအနှီးလိုအပ်ပါတယ်။ အဲဒီ အရင်းအနှီးကို အစိုးရက ချေးငွေပေးနိုင်ဖို့ဟာလည်း တကယ်တမ်းနှစ်ရှည်မှာ မလွယ်ကူပါဘူး။ (၃)(၄)(၅)နှစ် အရင်းအနှီးပြည့်ပြည့်ဝဝနဲ့ ရန်းကန်နိုင်မှ ကျေးလက်ပြည်သူတွေဟာ အဓိကထုတ်လုပ်နိုင်တဲ့ ကုန်ပစ္စည်းလည်းဖြစ်၊ သူတို့ တတ်ကျွမ်းပြီးသားလည်းဖြစ်တဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေကို အရှိန်အဟုန်နဲ့ ထုတ်ယူအသုံးချပြီး ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်ကို ကျွန်တော်တို့ နိုင်ငံလူဦးရေရဲ့ လေးပုံသုံးပုံဟာ ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ပြည်ပအကူအညီတို့ အစိုးရချေးငွေတို့ဟာ လူများစု (၇၀)ရာခိုင်နှုန်းကျော်ကိုထောက်ပံ့နိုင်ဖို့မလွယ်ကူဘူးလို့ပဲယူဆပါတယ်။ကျေးလက်ဒေသပြည်သူတွေ အသေချာဆုံး သူတို့အတွက်အရင်းအနှီးကတော့သူ့ဒေသအတွင်းကရမယ့်သယံဇာတအရင်းအနှီး ကိုပဲ နှစ်အကန့်အသတ်၊ ပစ္စည်းအမျိုးအမည်အကန့်အသတ်၊ ဒေသ အကန့်အသတ်၊ လုပ်ပိုင်ခွင့် အကန့်အသတ်တွေနဲ့ ပေးအပ်လုပ်ကိုင်ခွင့်ပြုမယ်ဆိုရင် အမှန်တကယ် ကျေးလက်ပြည်သူတွေ လက်ထဲ အရင်းအနှီးတွေ စုဆောင်းရောက်ရှိသွားမယ်လို့ ယုံကြည်ယူဆပါတယ်ခင်ဗျား။ ဦးနေဝင်းထွန်း ရဲ့ ကျပ်သိန်း(၁၅၀၀၀)ဟာလည်း အခြေခံပံ့ပိုးမှုသာ ဖြစ်နိုင်မှာမို့လို့တိုင်းဒေသကြီးနဲ့ ပြည်နယ်(၁၄)ခုအတွက် မျှလိုက်မယ်ဆိုရင် ကျပ်သိန်း(၁၀၀၀) ဝန်းကျင်သာ ဖြစ်နိုင်ပါတယ်။ နောက် ကျေးလက်ဒေသ ပြည်သူတွေရဲ့လက်ထဲကို အရင်းအနှီးအခြေခံ အလုံအလောက်ရောက်ဖို့ ဆိုရင် နိုင်ငံတော်ကပိုင်ဆိုင်တဲ့ သယံဇာတအချို့ကို ပြည်သူလူထုလုပ်အားနဲ့ သူ့ဘာသာသူ

ရယူစေခြင်းဟာအကောင်းဆုံးပဲလို့ဆိုလည်း ယူဆပါတယ်။ဥပမာ-နိုင်ငံတော်ကထုတ်ယူရလောက်အောင် တန်ဖိုးကြီးမားလွန်းတဲ့ သတ္တုနဲ့ ရတနာသိုက်မျိုးတွေ ကုမ္ပဏီကြီးတွေကသာ ဆောင်ရွက်နိုင်မယ့် သတ္တုသိုက်မျိုးကြီးတွေကိုဆိုလိုတာမဟုတ်ပါဘူး။ယာယီအားဖြင့်လျစ်လျူရှုထားရတဲ့ ပြန့်ကျဲနေတဲ့ သတ္တုကုန်ကြမ်းပစ္စည်းမျိုးကို နီးစပ်မှုရှိတဲ့ ဒေသခံစစ်စစ် ကျေးလက်ပြည်သူတွေကို ထုတ်ယူရောင်းချခွင့်မျိုးကိုသာဆိုလိုပါတယ်။ ဥပမာ- သတ္တုစာရင်းဝင် ကျောက်မီးသွေးလိုမျိုး မြန်မာနိုင်ငံနေရာအနှံ့အပြားမှာရှိနေတဲ့ ရွှေလိုမျိုးကို လက်ကျင်မျှောတိုက်လုပ်ငန်း ခွင့်ပြုတာမျိုးကို ဆိုလိုပါတယ်။ ဒီနှစ်မျိုးလုံးဟာ ရယူသုံးစွဲဖို့ နည်းပညာမြင့်မြင့်မားမား မလိုအပ်သလို ဒေသခံပြည်သူတွေကိုယ်တိုင် လူသုံးကုန်အဖြစ် အလွယ်တကူကူးပြောင်းသုံးစွဲနိုင်တဲ့ ပစ္စည်းမျိုးတွေလည်းဖြစ်ပါတယ်။ အရင်းအနှီးရဖို့ ခုလို လွယ်ကူတဲ့လုပ်ငန်းတွေကို မိသားစုကလယ်လုပ်ချိန်မှအပ အခြားအချိန်တွေမှာလုပ်ကိုင်ခွင့်ပေးလိုက်မယ်ဆိုရင်လယ်လုပ်ခြင်းကိုမထိခိုက်စေဘဲ အရင်းအနှီးဝင်သွားမှာလည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း လယ်သမားတွေက အမြတ်အစွန်းမရှိလှဘဲ လက်ရှိလယ်ဧကတွေ လက်လွတ်မသွားရုံ၊ ဝမ်းစာလေးရရုံ ထိန်းသိမ်းလုပ်ကိုင်နေရတာကို တွေ့ရှိနေရပါတယ်။ စီးပွားဖြစ် မလုပ်ကိုင်နိုင်သေးပါဘူး။ ရတဲ့ငွေလေးနဲ့ မိသားစုရဲ့ ကျန်းမာရေးနဲ့ ပညာရေးလေးကို ခြစ်ခြစ်ခြုတ်ခြုတ်ထိန်းသိမ်းပြီး ကလေးတွေတိုးတက်မှုရနိုင်သလောက်ရအောင် ထိန်းထားနိုင်တာကိုပဲ မြန်မာလူမျိုးတွေရဲ့ ချစ်စရာကောင်းတဲ့ လေးစားလောက်တဲ့ ဓလေ့စရိုက်တစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရတနာနှင့်သတ္တုတွေကို မူလတွေ့ရှိသူတွေဟာ ဒေသခံပြည်သူတွေသာဖြစ်ပါတယ်။ သူတို့တွေ့ထားတဲ့ သတင်းပေါ်မူတည်ပြီး အစိုးရက စမ်းသပ်တိုင်းတာရာမှ သတ္တုသိုက်ကြီးတွေဖော်ထုတ်နိုင်တာလည်း ဖြစ်ပါတယ်။ ဥပမာအားဖြင့် ငမောက်ပတ္တမြားကစလို့ နောက်ဆုံးတွေ့ရှိတဲ့ ပျဉ်တို၊ မိုင်းရှူး၊ ကောလင်းရွှေသိုက်၊ မိုးထိတောင်ရွှေသိုက်အဆုံး ပြည်သူတွေက နီးစပ်ရာဒေသကလူတွေက အရင်ဆုံးတွေ့ရှိတာဖြစ်ပါတယ်။ နိုင်ငံတော်က မတွေ့ရှိသေးတဲ့ သတ္တုထွက်ရာနေရာကွက်တွေ အတော်များများ နယ်မြေခံပြည်သူတွေ တွေ့ရှိထားတာလည်း အများအပြားကျန်ရှိနေပါသေးတယ်။ ဒီကနေ့ထိအောင် နိုင်ငံတော်က ရှာဖွေတိုင်းတာနိုင်တာ နိုင်ငံတော်ဧရိယာရဲ့ (၇၀)ရာခိုင်နှုန်းသာရှိသေးပြီး လက်လှမ်းမမီသေးတဲ့နေရာ (၃၀)ရာခိုင်နှုန်း ကျန်ရှိနေပါသေးတယ်။ ရှာဖွေဖော်ထုတ်ထားတဲ့ သတ္တုအမျိုးအစားက(၃၁)မျိုးပဲ ရှိပါသေးတယ်။ အဲဒီထဲကမှ တစ်နိုင်ငံလုံးအနှံ့ရှိနေပြီးအလွယ်တကူအသုံးပြုနိုင်တဲ့ပစ္စည်းလည်းဖြစ်၊ပြည်သူလူထုဖွံ့ဖြိုးရေးအတွက်အရေးပါ

ဆုံးလည်းဖြစ်တဲ့ နိုင်ငံတော်ကကွက်ပြည့်နီးနီး ထိထိရောက်ရောက် အသုံးပြုခြင်းလည်း မရှိသေးတဲ့ ပစ္စည်းတစ်မျိုးကတော့ သတ္တုစာရင်းဝင်ကျောက်မီးသွေး လူသုံးကုန်ပစ္စည်းပဲ ဖြစ်ပါတယ်။ ယခု ဒီကျောက်မီးသွေးသိုက်အဖြစ်ရှာဖွေတွေ့ရှိထားတဲ့နေရာကတော့(၅၄)နေရာဖြစ်ပါတယ်။ဒါပေမယ့် သတ္တုဖြစ်လို့ စီးပွားရေးတွက်ခြေမကိုက်သေးလို့ဖော်ထုတ်မထားသေးတဲ့နေရာတော်တော်များများ ရှိနေပါတယ်။ ပြည်သူလူထု ကိုသာ စီးပွားဖြစ်အရေးမပါတဲ့ ကျောက်မီးသွေးအကွက်ငယ်တွေကို နှစ်အကန့်အသတ်နဲ့ ရယူပိုင်ခွင့်ပြုခဲ့မယ်ဆိုရင် ကျေးလက်ဖွံ့ဖြိုးရေးအတွက် အလွန်အရေးပါ လာမှာဖြစ်တယ်လို့ ယုံကြည်ယူဆပါတယ်ခင်ဗျား။ မြန်မာနိုင်ငံဟာ ကျောက်မီးသွေးထုတ်လုပ်မှုနဲ့ ဖြန့်ဖြူးသုံးစွဲနိုင်မှုဟာ တစ်နှစ်တန်ချိန်(၆)သိန်းဝန်းကျင်သာ အစွမ်းကုန်ရှိနေပါတယ်။ နိုင်ငံခြား တင်ပို့မှု ပျမ်းမျှတစ်နှစ်တန်ချိန်၄၀၀)ခန့်သာ ရှိနေတယ်လို့သိရပါတယ်။ကလေးဝ ကျောက်မီးသွေး တွင်းမှာတော့ တစ်နှစ်တန်ချိန်တစ်သိန်း ထုတ်နေရာကနေပြီးတော့ ပြည်ပအကူအညီနဲ့ တန်ချိန် နှစ်သိန်းအထိ တိုးချဲ့ထုတ်လုပ်ပြီး စီးပွားဖြစ် အထောက်အကူပစ္စည်းဖြစ်ဖို့ ကြိုးပမ်းနေဆဲ ဖြစ်တယ်လို့လည်း သိရပါတယ်။ တွေ့ရှိထားတဲ့ ကျောက်မီးသွေးသိုက် မြန်မာနိုင်ငံမှာ စုစုပေါင်း တန်ချိန်ကတော့ မက်ထရစ်တန်သန်း(၇၁၁)တောင် ရှိနေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာတော့ ထိုင်းနိုင်ငံက တစ်နှစ်တန်ချိန်(၁၈)သန်းကျော်တောင်ထုတ်လုပ်နေပါတယ်။အိန္ဒိယက တစ်နှစ်တန်ချိန် သန်းပေါင်း(၃၀၀)ကျော်၊ တရုတ်နိုင်ငံက တန်ချိန် သန်းပေါင်း(၁၀၀၀)ကျော် ထုတ်လုပ်သုံးစွဲ နေတာကို တွေ့ရပါတယ်။ နောက် အင်ဒိုနီးရှားနိုင်ငံက တန်ချိန်(၇၃)သန်းကျော်၊ ဂျပန်က တန်ချိန် (၃)သန်းနီးပါး၊ အမေရိကန်မှာဆိုရင် တန်ချိန်သန်းပေါင်း(၁၀၀၀)နီးပါးကို နှစ်စဉ်ထုတ်ယူသုံးစွဲ နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ အန္တရာယ်ကို ကျွန်တော်တို့နိုင်ငံအနေနဲ့ စိုးရိမ်စရာမရှိသေးပါဘူး။ ဒေသခံပြည်သူလူထု ဖွံ့ဖြိုးရေးအတွက် ကျောက်မီးသွေးတစ်မျိုးတည်းသာ အသုံးပြုခွင့်ပေးမယ်ဆိုရင်တောင် လျှပ်စစ်ပါဝါလိုင်းဆွဲနိုင်ခြင်း မရှိသေးတဲ့ ဒေသတွေမှာ ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံတွေ အများအပြား၊ အလွယ်တကူ တည်ဆောက်နိုင်လာမှာ ဖြစ်ပါတယ်။ အသေးစားစက်မှုလုပ်ငန်းတွေလည်း ပေါ်လာမှာမို့လို့ ကျေးလက်ပြည်သူတွေကို ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် အမြန်ဆွဲတင်ပေးနိုင်မယ့် ဖွံ့ဖြိုးရေးမဟာ ဗျူဟာမြောက်ဖော်စည်းတောင် ဖြစ်လာနိုင်တယ်လို့ဆိုလိုချင်ပါတယ်ခင်ဗျား။သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေမယ့်ပစ္စည်းအဖြစ် စိုးရိမ်စရာမလိုဘူးဆိုတာက နိုင်ငံကြီးတွေဟာ သူတို့ထွက်တဲ့ ကာဗွန်ဓာတ်ငွေ့ကို မီးအောင်စုပ်ယူနိုင်တဲ့ သစ်တောမရှိပဲနဲ့တောင် ကျောက်မီးသွေးလောင်စာကို

သုံးစွဲနေကြတာကိုတွေ့နေကြပါတယ်။ကျောက်မီးသွေးကိုအဓိက အမေရိကန်၊ တရုတ်၊ အင်ဒိုနီးရှား စတဲ့နိုင်ငံတွေမှာ သုံးစွဲနေကာ လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် လောင်စာအဖြစ်သုံးနေဆဲ ဖြစ်တာကိုတွေ့ရပါတယ်။ ဥပမာ အမေရိကန်ပြည်ထောင်စုဟာ နှစ်စဉ်တန်ချိန်သန်း(၁၀၀၀)နီးပါး ထုတ်နေပြီး အဲဒီထဲက (၈၆)ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားပေး လောင်စာအဖြစ်အသုံးပြုနေတာ တွေ့ရလို့ပါပဲ။ အမေရိကန်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စုစုပေါင်းရဲ့ ထက်ဝက်ကျော်ကို ကျောက်မီးသွေးလောင်စာနဲ့ထုတ်လုပ်နေဆဲဖြစ်ကြောင်းကိုလည်းအံ့သြဖွယ်ရာ တွေ့ရှိနေရပါတယ်။ နောက်တစ်နည်းအသုံးပြုတာကတော့ကျွန်တော်တို့ပြည်သူလူထု နေ့စဉ်သုံးစွဲနေရတဲ့ထင်းအစားထိုး အိမ်သုံးလောင်စာအဖြစ်နဲ့ ကျောက်မီးသွေးမှုန့်နဲ့ လွှစာရောစပ်ပြီး အိမ်သုံးလောင်စာတောင့်အဖြစ် လူထုကိုယ်တိုင်အလွယ်တကူ ပြုပြင်သုံးစွဲနိုင်မှာဖြစ်လို့ ကျွန်တော်တို့ တစ်နိုင်ငံလုံး ဒီကနေ့ သုံးစွဲနေတဲ့ ထင်း၊ မီးသွေးလောင်စာတန်ချိန် တစ်နှစ်ကုဗတန်(၂၅)သန်းကို အစားထိုးနိုင်ဖို့ ခက်ခဲတဲ့ ကိစ္စမဟုတ် တော့ဘူးဆိုတာကို သိရှိရပါတယ်။ သစ်တောပြုန်းတီးမှုကိုလည်း အကြီးအကျယ် အထောက်အကူ ပြုမှာမို့လို့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း လောက်လောက်လားလား ထပ်မံကာကွယ်နိုင် ဦးမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုဟာ တစ်နှစ်ပျှမ်းမျှ(၄၁.၅) မဂ္ဂါတန် ရှိနေပြီးတော့ ကျွန်တော်တို့ သစ်တောတွေက စုပ်ယူနိုင်မှု အင်အားဟာ (၇၃)မဂ္ဂါတန် ရှိနေတာကြောင့်မို့လို့ ၂၀၂၀ ပြည့်နှစ် ရောက်သည့်တိုင်အောင် တစ်နှစ်(၅.၁၃၅)မဂ္ဂါတန် ပိုနေဦးမှာ ဖြစ်ပါတယ်လို့ Asia Development Bank and Global Enviromental Facility အဖွဲ့အစည်းတို့က ကျွမ်းကျင်သူပညာရှင်တွေက တိုင်းတာ တွေ့ရှိထားပါတယ်။ဒါကြောင့်ကျွန်တော်တို့ဟာသဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်လို့ကျောက်မီးသွေး သုံးစွဲမှုကို ကြောက်စရာ မလိုသေးပါဘူး။ ဥပမာအားဖြင့် အနီးကပ်ဆုံးပြရမယ်ဆိုရင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် အနောက်ခြမ်းမှာကို ကျောက်မီးသွေးသိုက်ငယ် တန်ချိန်(၂၄၀)ခန့်ရှိနေပြီးတော့ ဒေးစွန်ပါဘုရားအနီးမှာ တန်ချိန်(၃၈၀၀)ခန့် ရှိနေပါတယ်။ ဒါဟာ စီးပွားဖြစ်ထုတ်လုပ်ခြင်း မရှိသေးပါဘူး။ တောကျွဲအင်းမှာတော့ တန်ချိန်(၆)သိန်းခွဲ ရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ် အနှံ့အပြားမှာလည်း ရှိနေပါတယ်။ အစိုးရ အနေနဲ့သော်လည်းကောင်း၊ ကုမ္ပဏီကြီးတွေ အနေနဲ့ သော်လည်းကောင်း၊ စီးပွားဖြစ် စိတ်ဝင်စားနိုင်ခြင်း မရှိတဲ့နေရာတွေမှာ ကျေးလက်ပြည်သူတွေကို နှစ်အကန့်အသတ်နဲ့ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဖွံ့ဖြိုးရေး အထောက်အကူပစ္စည်းအဖြစ်နဲ့ အခမဲ့ထုတ်ယူ သုံးစွဲခွင့် တစ်နိုင်တစ်ပိုင် ရောင်းချခွင့်ပေးသင့်ပါတယ်လို့ ယူဆပါတယ်ခင်ဗျား။

အလားတူ တောတွင်းဝေးလံတဲ့ နယ်စပ်ဒေသ လူသွားလူလာနည်းပါးတဲ့ ဒေသတွေမှာလည်း ရှိနေပြီး ကုမ္ပဏီကြီးတွေကလည်း ထုတ်ယူနိုင်ခြင်း မရှိသေးတဲ့ သတ္တုကုန်ကြမ်းတွေကိုလည်း ကျေးလက်ပြည်သူတွေက တစ်နိုင်တစ်ပိုင် သုံးစွဲခွင့်ရမယ်ဆိုရင် အဂယ်ဒိုင်တွေကို အပ်နှံခွင့်ရမယ် ဆိုရင် ဖွံ့ဖြိုးမှု အထောက်အကူအဖြစ် အခြားဓာတ်သတ္တုတွေကလည်း ဖြစ်လာမှာဖြစ်ပါတယ်။ ဒီပစ္စည်းအားလုံးဟာ ပြည်ပကို ရောက်သွားမှာမဟုတ်ဘဲပြည်တွင်းမှာတင် လှည့်လည်သုံးစွဲနိုင်မယ့် ပစ္စည်းတွေအဖြစ် ထွက်လာမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အစိုးရက အရင်းအနှီးများစွာ စိုက်ထုတ် ကူညီရခြင်း မရှိဘဲနဲ့ ကျေးလက် ပြည်သူတွေကိုယ့်အားကိုယ်ကိုး လျင်မြန်စွာဖွံ့ဖြိုးမှုလမ်းကြောင်း ပေါ်တက်လာနိုင်မယ့် အကျိုးကျေးဇူးအဖြစ် တန်ဖိုးအရှိဆုံးအရာကတော့ လယ်လုပ်ချိန်မှအပ လေလွင့်ဆုံးရှုံးနေတဲ့ ကျေးလက်ပြည်သူတွေရဲ့ လုပ်အားတွေကို တစ်ချိန်တည်း တစ်ပြိုင်တည်း မှာစုစည်းပြီး လုပ်အားဆပွား အသုံးပြုနိုင်မှာဖြစ်လို့ အလုပ်လက်မဲ့ဆိုတာ ကျွန်တော်တို့နိုင်ငံမှာ နောင်တစ်ချိန် ရှာမရတောင် ဖြစ်သွားနိုင်တယ်လို့ဆိုလိုချင်ပါတယ်ခင်ဗျား။နိုင်ငံရေးမှာလည်း စွန့်ဦးတီထွင် ဆောင်ရွက်နိုင်မှသာ ကျွန်တော်တို့ဟာ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်ကိုခုန်ပျံကျော်လွှား ရောက်ရှိနိုင်မှာလည်း ဖြစ်ပါတယ်။ အခုလိုခွင့်ပြုနိုင်ခဲ့မယ်ဆိုရင်တော့ ဦးနေဝင်းထွန်း ရဲ့ သတ္တု ကဏ္ဍဖွံ့ဖြိုးရေးအထောက်အကူပြုဖောင်ဒေးရှင်းကြီးဟာအသင့်ဖြစ်နေပြီလို့တင်ပြထောက်ခံရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်**။ **၁၀း၄၁**။

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်တဲ့ လွှတ်တော်အဆင့်ဆင့်နဲ့ အစိုးရတွေဟာ ဒီအချိန်ဒီအခါမှာ မိမိတို့ကို ရွေးချယ်တင်မြှောက် လိုက်တဲ့ ပြည်သူတွေနဲ့ တက်ညီလက်ညီလက်တွဲပြီးတော့ ဒီမိုကရေစီစနစ်နဲ့ နိုင်ငံတော်ရဲ့ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုးစားဆောင်ရွက်ရမယ့်အချိန်အခါမှာ မိမိရဲ့ အတွေ့အကြုံ၊ ပညာ၊

အချိန်နဲ့ ငွေရေးကြေးရေးအရင်းအနှီး သိန်းပေါင်း(၁၅၀၀၀)လှူဒါန်းပြီး သတ္တုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဖောင်ဒေးရှင်းထူထောင်ပေးမယ်ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်းကို အထူးပဲကျေးဇူးတင် ကြိုဆိုဝမ်းမြောက်ကြောင်း၊ မတစ်ထောင်တစ်ကောင်ဘွား မဟုတ်ဘဲနဲ့ မတစ်သိန်းတစ်သောင်းမှာမှ တစ်ကောင်ဘွားဖြစ်တဲ့ ဦးနေဝင်းထွန်း ကျန်းမာသက်ရှည်ပြီးတော့ လိုအင်ဆန္ဒပြည့်ဝပါစေလို့ ဆုတောင်းရင်းနဲ့ ဦးနေဝင်းထွန်း ရဲ့ အဆိုကို ကျွန်တော် ထောက်ခံ ဆွေးနွေးသွားပါမယ်ခင်ဗျား။ ကျွန်တော် ထောက်ခံဆွေးနွေးရခြင်းဟာ ပထမတစ်ချက် အနေနဲ့ ကချင်ပြည်နယ်မှာ သတ္တုပေါင်း မြောက်များစွာထွက်ရှိခြင်း၊ ကျွန်တော်တို့ ငယ်ငယ်တုန်းက မကြားဖူးတဲ့ တန်ဖိုးရှိတဲ့သတ္တုတွေ နောက်ပိုင်းမှာထွက်ရှိလာခြင်း၊ အရင်တုန်းက အင်္ဂလိပ် ခေတ်တုန်းကလည်းပဲ မြစ်ဆုံကနေ အထက်ဘက် မိုင်(၁၀၀)ကျော်အကွာအဝေးမှာ သတ္တုတွေ တူးဖော်ခဲ့တဲ့ နေရာတွေရှိနေခြင်း၊ နောက်ပြီးတော့ ကျွန်တော်ကိုယ်တိုင်ကလည်း ကုမ္ပဏီနဲ့ အနည်းအကျဥ်း ကျောက်စိမ်းနဲ့ သတ္တုလုပ်ကိုင်နေသူတစ်ယောက် ဖြစ်တဲ့အတွက်ကြောင့် လည်းကောင်း၊ ကျွန်တော် ကြိုဆိုထောက်ခံရခြင်းဖြစ်ပါတယ်။ ဒုတိယအချက် ထောက်ခံရခြင်း ဟာ ကချင်ပြည်နယ်မှာရှိတဲ့ ဒေသခံတိုင်းရင်းသားအများစုဟာဆင်းရဲနေကြခြင်း၊ အချို့အများကြီး ဟာ လမ်းမှားရောက်ရှိသွားခြင်းနဲ့ ကျွန်တော်ရဲ့မိသားစုနဲ့ ပတ်ဝန်းကျင် အခြေအနေတွေကြောင့် ကျွန်တော် ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ သယံဇာတသတ္တုအများကြီးပေါကြွယ်ဝပေမယ့်လည်း ကျွန်တော်တို့ ကချင်ပြည်နယ် နှင့်မြန်မာနိုင်ငံအချို့ဒေသမှာရှိတဲ့ ဒေသခံတိုင်းရင်းသားများဟာ အသိအမြင်နည်းပါးခြင်း၊ ဗဟုသုတနည်းပါးခြင်း၊ အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ရာ၌ အားနည်းခြင်း၊ အဆက်အသွယ် ကောင်းတွေမရှိခြင်း၊ ကုမ္ပဏီမထူထောင်တတ်ခြင်း၊ အရင်းအနှီးမရှိခြင်း၊ ဦးဆောင်လမ်းပြ ကူညီပံ့ပိုးပေးမယ့်သူတွေ နည်းပါးခြင်းတို့ကြောင့် စားဝတ်နေရေးမှာ ခက်ခဲနေကြပြီးတော့ လူမှု စီးပွားရေးဘဝဟာ နိမ့်ကျလျက်ရှိနေကြတဲ့ လူတွေများပါတယ်။ အဲဒီလို မိမိရဲ့ဘဝ ဆင်းရဲမှု အခက်အခဲတွေကို ရင်ဆိုင်ဖြေရှင်းဖို့ရန်အတွက် နီးစပ်ရာတိုင်းပြည်များကို တရားမဝင် သွားရောက်ခြင်း၊ အချို့ဟာ တရားမဝင်ဘဲ နိုင်ငံခြားကို ခိုးရောင်းတာကိုခံရခြင်းတို့ကြောင့် ဒုက္ခအမျိုးမျိုးတွေ့နေရတယ်။ တချို့ကတော့ ဖြတ်လမ်းနည်းနဲ့ ငွေရှာချင်တဲ့အတွက် ဘိန်းစိုက် ပျိုးခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းကြောင့် ဘိန်းနဲ့ မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်ဘဝကို ရောက်နေရခြင်း၊ တချို့ကတော့ အကြောင်းအမျိုးမျိုးကြောင့် လက်နက်ကိုင်အဖွဲ့အစည်း

အမျိုးမျိုးကို ရောက်ရှိသွားခြင်းဆိုတဲ့ အခက်အခဲတွေကြုံလာရတော့ ကျွန်တော်တို့ ပြည်နယ်၊ ကျွန်တော်တို့ နိုင်ငံအတွက် လူအင်အားတွေ၊ လုပ်အားအင်အားတွေ အင်မတန်မှ ဆုံးရှုံးနေတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကို ဥပမာလေး(၁)(၂)ခု တင်ပြခွင့်ပြုပါခင်ဗျာ။ ကျွန်တော်တို့ ရပ်ကွက်ရဲ့အထက်ဘက်မှာ အာလမ်ကျေးရွာရှိပါတယ်။ အဲဒီက အမျိုးသမီးတစ်ယောက်ဟာ လိုင်ဇာဘက်မှာ အလုပ်အကိုင်ပေးမယ်ဆိုပြီးတော့ ခေါ်သွားပြီးတော့ လိုင်ဇာရောက်တဲ့အခါမှာ မောတဲ့အတွက် အအေးသောက်ရအောင်ဆိုပြီးတော့ အအေးတိုက်တဲ့အခါမှာ မေ့မြောသွားပြီးတော့ သူပြန်သတိရတဲ့အခါမှာ တရုတ်ပြည်အထဲကို ဘယ်မှာရောက်မှန်းမသိဘူး ရောက်ရှိသွားပါတယ်။ နောက်တစ်နေ့မှာကျတော့ သူဟာ အရဲစွန့်ပြီးတော့ အိမ်အပြင်ကို ထွက်လာတဲ့အခါမှာ အိမ်ပတ်ဝန်းကျင်မှာရှိတဲ့ လူကလည်း ဒီအိမ်မှာ မြန်မာနိုင်ငံကနေပြီးတော့ ခိုးရောင်းလာတဲ့ သူတစ်ယောက် ရောက်တယ်ဆိုတဲ့ဟာကို လာပြီးတော့ စနည်းနာကြည့်တဲ့အချိန် သူတို့နှစ်ယောက် ဆုံသွားပါတယ်။ အဲဒီစနည်းနာတဲ့သူဟာ ကလေးသုံးယောက်ရနေတဲ့ အရင့် အရင်က ခိုးပြီးရောင်းစားခံရတဲ့ သူဖြစ်နေပါတယ်။ ဒါကြောင့် သူတို့နှစ်ယောက်တွေ့တဲ့အခါ ကလေးသုံးယောက်ရတဲ့အမေဟာ ကျွန်မဒုက္ခရောက်တာ လွန်လှပြီ ယောက်မကိုတော့ ကျွန်မ ဖြစ်တဲ့နည်းနဲ့ လိုင်ဇာနယ်စပ်ကို ပြန်သွားပို့မယ်ဆိုပြီးတော့ တစ်နေ့ကုန်ကားစီးပြီးတော့ လိုင်ဇာနယ်စပ်ကိုပြန်ပို့ပြီးတော့ ဒီကနေပြီးတော့ ခင်ဗျားဖြစ်တဲ့ နည်းနဲ့ပဲ အိမ်ပြန်တော့ဆိုပြီးတော့ ပို့လွှတ်လိုက်တော့ ပြန်ရောက်လာတဲ့အခါ အိမ်မှာ ဆုတောင်းတဲ့အချိန်မှာ ကျွန်တော်ပါဝင်ခဲ့တာဟာ ဥပမာလေးတစ်ခုဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ မိသားစုအခြေအနေကိုလည်း ဥက္ကဋ္ဌကြီးကို တင်ပြချင်ပါတယ်။ ကျွန်တော့်အစ်ကို တစ်ယောက်ဟာလည်း မူးယစ်ဆေးဝါးနဲ့ ဆက်နွယ်ပြီးတော့ အသက်ဆုံးရှုံးခဲ့ရသလို အခု သူ့ရဲ့ တစ်ဦးတည်းသောသားဟာလည်း မူးယစ်ဆေးဝါးကျေးကျွန် ဖြစ်နေပါတယ်။ သူ့အောက်က ကျွန်တော့်အစ်ကိုလည်းပဲ မူးယစ်ဆေးဝါးကြောင့် အသက်ဆုံးရှုံးခဲ့ရတယ်။ သူ့မှာလည်း တစ်ဦးတည်းသောသားဟာ အခု မူးယစ်ဆေးဝါး သုံးစွဲနေပါတယ်။ ကျွန်တော်ရဲ့ ညီဝမ်းကွဲဟာလည်းပဲ သူ့ရဲ့အမျိုးသမီးဟာ ရှမ်းပြည်က ဘိန်းမှောင်ခိုဝယ်ပြီးတော့ ကချင်ပြည်နယ် လာလာရောင်းခဲ့ပါတယ်။ သူရဲ့ လေးနှစ် ဝန်းကျင်အရွယ်သမီးရဲ့ဂါဝန်မှာချုပ်ပြီးတော့ဘိန်းတွေကို အဲဒီမှာ ထည့်ထည့်ပြီးတော့ ဂိတ်တွေကို ဖြတ်သန်းပြီးတော့ ရောင်းချခြင်းကိုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် ဒီမကောင်းမှုရဲ့ အဆုံးကတော့ ထောင်(၁၂)နှစ်ကျသွားပါတယ်။ ကျွန်တော့်ရဲ့ ခယ်မ၊

ထောင်(၁၂)နှစ်ကျသွားတဲ့အချိန်မှာ သူ့ရဲ့ အမျိုးသားလည်း နဂိုအရောင်းအဝယ်လုပ်တော့ မူးယစ်ဆေးဝါးစွဲတာနဲ့ ကျွန်တော်လက်ထဲမှာပဲ ဆုံးသွားသလို သူအသုံးချခဲ့တဲ့ သူ့ရဲ့သမီးဟာလည်း သူထောင်က လွတ်လာတဲ့အချိန်မှာ အမျိုးသားရော၊ သူ့ရဲ့သမီးရော ဆုံးပါးသွားခဲ့ပါတယ်။ သူ့ရဲ့ သားတစ်ယောက်ရှိပါတယ်။ အခု ထောင်ထဲမှာ မူးယစ်ဆေးဝါးသုံးစွဲလို့ ရောက်နေပါတယ်။ ဒါတွေဟာ ကျွန်တော်နဲ့ အနီးစပ်ဆုံး ဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်ရဲ့ အိမ်ရဲ့ ညာဘက်က ဂေါ်နက်၊ ဂန်ချ၊ ဆူမစ် သုံးယောက်စလုံး မူးယစ်ဆေးဝါးနဲ့ ဆုံးသွားပါတယ်။ နောက်ပြီးတော့ ကျွန်တော်အိမ်ရှေ့က ဗန်ဂေါ်နဲ့ ဗုတ်ငေါ်လည်း အဲလိုပဲ မူးယစ်ဆေးဝါးနဲ့ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်ရဲ့ အိမ်ဘယ်ဘက်ကလည်း ဦးနိမ့်အောင် မူးယစ်ဆေးဝါးနဲ့ ဆုံးသွားပါတယ်။ ဒီလိုအဖြစ်အပျက်မျိုးဟာ ကျွန်တော်တို့ ကချင်ပြည်နယ်ဒေသမှာ တော်တော်များများ ခံစားလျက်ရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ပြည်နယ်နဲ့ နိုင်ငံတော်အတွက် ဆုံးရှုံးမှုတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ကျွန်တော်တို့ ဒီလို အခက်အခဲတွေ ဒီလိုဆုံးရှုံးမှုတွေ ဖြစ်နေတဲ့အချိန်အခါမှာ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကလည်း ဆင်းရဲသား လျော့ချရေး၊ အလုပ်အကိုင်ရရှိရေးဆိုတဲ့ အနေအထားတွေ ဆောင်ရွက်လာတယ်။ ကျွန်တော့် အမြင်မှာ လည်းပဲ အရင်ကထက်စာရင် ကျွန်တော်တို့နိုင်ငံဟာ ဆင်းရဲတာနှင့် ချမ်းသာတာ အနည်းငယ် ကွာဟလာတဲ့အချိန်အခါမျိုးမှာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အလုပ်အကိုင် မရရှိသေးတဲ့ သူများ၊ ခက်ခဲသူ၊ ဆင်းရဲသူများကို ပညာပေးခြင်းအမြင်ဖွင့်ပေးခြင်းအလုပ်အကိုင်ရရှိစေခြင်း၊ ကုမ္ပဏီထူထောင်ဖို့ လမ်းပြဦးဆောင်ပေးခြင်း၊အရင်းအနှီးများစီစဥ်ဆောင်ရွက်ပေးခြင်း၊ ဥပဒေဘောင်အတွင်းမှ သတ္တုတူးဖော်ခြင်းနှင့် ရောင်းချခြင်းတို့ကို ဦးဆောင်လမ်းပြ ကူညီ လက်တွဲ ဖော်ဆောင်ပေးမယ့် တိုင်းရင်းသားပြည်သူများရဲ့ လူမှုစီးပွားရေးဘ ဝနဲ့ နိုင်ငံတော်ရဲ့ အကျိုးအတွက်ဖော်ဆောင်ပေးမယ့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း ရဲ့ သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း ထူထောင်မယ့်ဟာကို ကျွန်တော်အနေနဲ့ လေးလေးနက်နက်ထောက်ခံဆွေးနွေးတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၉။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေလို့ ဆုတောင်းရင်းနဲ့ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း ရဲ့ အဆိုကို ကျွန်တော်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့ထောက်ခံ ဆွေးနွေးတာ လည်းဆိုတော့ ဒီအဆိုပြုတဲ့ သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းကြီး ထူထောင်ပြီး လို့ရှိရင် ကျွန်တော်တို့ ယောဒေသက တိုင်းရင်းသားပြည်သူများဟာ ဆင်းရဲမှုလျှော့ချရေးမှာ အထောက်အကူပြုလိမ့်မယ်လို့ ကျွန်တော်အနေနဲ့ ယုံကြည်လို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယောဒေသဆိုတာကတော့ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု ဆိုတဲ့ မြို့(၄)မြို့ရှိပြီးတော့ အလျား(၁၃၄)မိုင်၊ အနံ(၁၂)မိုင်ရှိသော ရှည်မျှောမျှောသဏ္ဌာန် ဖြစ်ပါတယ်။ ပုံတောင်ပုံညာ တောင်တန်းနဲ့ ချင်းတောင်တန်းကြားမှာ တည်ရှိပြီးတော့ ကလေးဝကျောက်မီးသွေးကျောကြီးနဲ့ တစ်ဆက်တည်းဖြစ်ပါတယ်။ မိုင်ရာချီရှိတဲ့ ကျောက်မီးသွေးကျောကြီးဟာ ပုံတောင်ပုံညာ တောင်တန်းမှာ ရှိပါတယ်။ ဒီတောင်တန်းကြီးဟာတော့ အနည်ကျကျောက်နဲ့ ဖွဲ့စည်းထားတဲ့ တောင်တန်းကြီးဖြစ်တဲ့အတွက် ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့တို့(၃)မျိုးဟာ ပေါများစွာ ထွက်ရှိတာကို တွေ့ရှိရပါတယ်။ သဘာဝဓာတ်ငွေ့ကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Cinopart Company နဲ့ Myanmar MOGE နဲ့ ပူးပေါင်းပြီးတော့ ထုတ်လုပ်တော့ မီးရှို့တဲ့ အဆင့်တောင် ရောက်နေပြီဆိုတာ ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ ရေနံကတော့ လက်တူး တွင်းတိမ်ရေနံမှော်(၂)ခုရှိပြီးတော့ ကျင်းလိန်ဒေသနဲ့ ခင်အေးဒေသမှာ လက်ရှိတူးဖော် နေကြ ပါတယ်။ တစ်နေ့ကို ပေပါ(၁၀၀)လောက်ထွက်တာကို တွေ့ရှိရပါတယ်။ ကျောက်မီးသွေး ကတော့ ငွေဖြစ်မလွယ်ဘူး လုပ်ရကိုင်ရတာ အရင်းအနှီးများတယ်။ ဒါကြောင့်မို့လို့ ဒေသခံတွေ အနေနဲ့ ကျွန်တော်တို့ဒေသက တောင်သူလယ်သမားတွေနဲ့ဆင်းရဲသားတွေများတဲ့အတွက်ကြောင့် အဲဒီလို အရင်းအနှီးများများနဲ့ လုပ်နိုင်တဲ့သူမရှိတဲ့အတွက်ကြောင့် ဒီကျောက်မီးသွေးတူးတဲ့ လုပ်ငန်းတော့ မရှိသေးဘူး။ သို့သော် ကျောက်မီးသွေးတွေကတော့ ကျောလိုက်ကြီး တန်ချိန် သန်းနဲ့ချီပြီးတော့ တည်ရှိတာကို ဗဟိုသတ္တုသုတေသနရဲ့ စာရင်းဇယားများအရ တွေ့ရှိရပါတယ်။

ဒီမှာ သက်နုတွေရှိသလို သက်ရင့်ကျောက်မီးသွေးတွေလည်း ပေါများစွာ တည်ရှိပါတယ်။ တချို့နေရာများမှာဆိုလိုရှိရင်တော့ကျောက်မီးသွေးတွေထဲမှာအတူတူတွဲဖက်ပါဝင်တဲ့ ပယင်းကျောက်များခိုအောင်းနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒီပယင်းကျောက်တွေထဲမှာဆိုရင်ကျွန်တော်တို့ပိုးဟပ်လေးလိုလိုပင့်ကူလေးလိုလိုအကောင်လေးတွေပါနေတဲ့ကျောက်ဆိုရင်တော့ဒေါ်လာ သိန်းနဲ့ချီပြီးရရှိတယ်လို့ ကြားသိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုပေါများစွာရှိတဲ့ ကျောက်မီးသွေးတွေကို တူးဖော်ဖို့ရာ အင်မတန်အရင်းအနှီးလိုအပ်တဲ့အတွက်ကြောင့်မို့လို့ အခုဖြစ်ပေါ်လာမယ့်ကုမ္ပဏီဖောင်ဒေးရှင်းသာ ဖြစ်ပေါ်လာမယ်ဆိုရင်တော့ ဒီကျောက်မီးသွေးတွေကို လွယ်လင့်တကူထုတ်ယူရရှိပြီးတော့ ဒေသခံပြည်သူများဟာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှာဖြစ်ပါတယ်။ ကျောက်မီးသွေးဆိုတာဟာ ခုခေတ်မှာ ဈေးကောင်းရလာပြီးတော့ ကျောက်မီးသွေးနဲ့မဖြစ်မနေလည်ပတ်ရတဲ့ သတ္တုကျိုချက်တဲ့စက်ရုံတွေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေဟာဆိုလို့ရှိရင် ကျောက်မီးသွေး စဉ်ဆက်မပြတ်ရရှိနေဖို့ လိုအပ်တယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဒေသမှာ ပေါများစွာထွက်ရှိတဲ့ ဒီကျောက်မီးသွေးတွေကို အခုဖြစ်ပေါ်လာမယ့်ဖောင်ဒေးရှင်းက ရင်းနှီးမတည်ပြီးတော့ ဆောင်ရွက်နိုင်မယ်ဆိုရင် ကျွန်တော်တို့ဒေသက ပြည်သူများဟာလည်း ဒီမှာတစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပြီးတော့ ပတ္တမြားနဂါး ဖောင်ဒေးရှင်းနှင့်အတူ နိုင်ငံတော်ရဲ့ သတ္တုကဏ္ဍအခွန်ငွေများလည်း တိုးတက်ရရှိပြီးတော့ ဒေသခံပြည်သူများရဲ့ဆင်းရဲမှုလျှော့ချရေးမှာ အထောက်အကူပြုနိုင်တဲ့အတွက် အခုလို ဖောင်ဒေးရှင်းထူထောင်မှာကိုဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော်အခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်ထွန်း ရဲ့

သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ဖောင်ဒေးရှင်းထူထောင်ရေး အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို ဖတ်ကြားခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ အဆိုတစ်ခုကို ထောက်ခံဆွေးနွေးတယ်ဆိုတာက အဲဒီအဆိုဟာ အများပြည်သူအတွက် အကျိုးရှိရပါမယ်။ အစိုးရဘက်ကလည်း နစ်နာစရာအကြောင်းမရှိဘူးဆိုရင်အဲဒီအဆိုကို ထောက်ခံလို့ရပါတယ်။ဒါသဘာဝလည်း ကျပါတယ်။ အခု ဦးနေဝင်းထွန်း တင်သွင်းထားတဲ့အဆိုကို လွှတ်တော်က သဘောတူတယ်လို့ ဆုံးဖြတ်ခဲ့ရင် သတ္တုလုပ်ငန်းဖောင်ဒေးရှင်း ထူထောင်ခွင့်ရရှိပါမယ်။ ဒီဖောင်ဒေးရှင်းထူထောင်ခွင့် ရခဲ့မယ်ဆိုရင် ရရှိခံစားနိုင်မယ့်အကျိုးကျေးဇူးတွေတော်တော်များများဖော်ပြထားတာတွေ့ရပါတယ်။ ခံစားခွင့်အချက်အလက်တွေ (၁၅)ချက်အထိတောင် ဖော်ပြထားတာတွေ့ရပါတယ်။ ဒီလောက်ထိ အကျိုးခံစားခွင့်ရမယ်ဆိုတာ နည်းတဲ့ကိစ္စမဟုတ်ပါဘူး။ ဒါကြောင့် ဒီဖောင်ဒေးရှင်း ထူထောင်ခွင့် ရမယ်ဆိုရင် တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာအလုပ်အကိုင်အခွင့်အလမ်းများဖန်တီးနိုင်မယ်။ ပြည်သူတွေ တစ်ဦးချင်းဝင်ငွေ တိုးလာနိုင်တယ်။ အစိုးရလည်း အခွန်ပိုမိုရရှိနိုင်တယ်လို့ ဆိုထားပါတယ်။ ဒါတွေဟာ သူရဲ့အဆိုတွေထဲက အရေးကြီးတဲ့အချက် အလက်တွေပါပဲ။ စိတ်ဝင်စားဖို့လည်းကောင်းပါတယ်။ဘာဖြစ်လို့လည်းဆိုတော့ကျွန်တော်တို့တိုင်းပြည်ဟာ လက်ရှိအခြေအနေမှာ အလုပ်အကိုင်ရှားပါးမှုနဲ့ ဝင်ငွေနည်းပါးမှုတို့ကို ရင်ဆိုင်နေရလို့ပါပဲ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီသတ္တုလုပ်ငန်းဖောင်ဒေးရှင်းနဲ့ ကျွန်တော်တို့ ရခိုင်ဒေသရဲ့ အခြေအနေကိုလည်း နည်းနည်းလောက် ဆက်စပ်ပြီး ဆွေးနွေးတင်ပြပေးပါဦးမယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဒေသမှာတော့ ဘာသတ္တုလုပ်ငန်းမှမရှိပါဘူး။ ဒါပေမယ့် ဒီအဆိုရှင်လေ့လာထားရှိချက်အရ ကျွန်တော်တို့ရခိုင်ပြည်နယ် ဒေသမှာလည်း သတ္တုတွေရှိနိုင်တဲ့ အလားလာများ ရှိတယ်လို့ သိရပါတယ်။ အနည်းဆုံး ထုံးကျောက်တော့ရှိပါတယ်။ ဒါဆိုရင် သတ္တုလုပ်ငန်းဖောင်ဒေးရှင်းရဲ့ အကူအညီ အထောက်အပံ့တွေနဲ့ လေ့လာစမ်းသပ် ရှာဖွေမှုများ ပြုလုပ်နိုင်ပါတယ်။ တကယ်လို့ သတ္တုတွေ့ရှိခဲ့ရင် တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်တဲ့ အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများပေါ် ပေါက်လာနိုင်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်မှာ စက်ရုံမရှိ၊ အလုပ်ရုံမရှိ၊ ကုန်ထုတ်လုပ်နိုင်တဲ့ လျှပ်စစ်ဓာတ်အားမရှိ စတဲ့မရှိခြင်းတရားတို့ ပေါင်းစုံနေတဲ့ ခုလိုအခြေအနေ အချိန်အခါမျိုးမှာ

ကျွန်တော်တို့ မြေကြီးထဲမှာ ဘာတွေများ ရှိဦးမလဲလို့ မျှော်လင့်ခြင်းနဲ့ စဉ်းစားခန်း ဝင်လာပါတယ်။ ဒီလိုစဉ်းစားခန်းဝင်လာရတာကလည်း ဦးနေဝင်းထွန်း ရဲ့ သတ္တုအကြောင်း၊ ကျောက်မျက်အကြောင်း လေ့လာရှင်းပြထားတဲ့စာတမ်းတွေ အဆိုတွေကြောင့်ပါပဲ။ သူ့ကို ကျေးဇူးတင်ပါတယ်။ ဦးနေဝင်းထွန်း ဟာ အခုလို လွှတ်တော်က တစ်ဆင့် ပြည်သူ့အကျိုးပြု လုပ်ငန်းအတွက် အဆိုပြုထားသလို ဘာသာ ၊ သာသနာအတွက်လည်း အလှူအတန်းတွေ တော်တော်များများ ပြုလုပ်ထားတယ်လို့ သိရပါတယ်။ ဒါကြောင့် ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ချီးမြှင့်ပေးတဲ့ သီရိသုဓမ္မမဏိဇောတဓရဘွဲ့ကိုလည်း ရရှိထားတယ်လို့ သိရ ပါတယ်။ ကျွန်တော်တို့ ဂမ်းမြောက်ဂုဏ်ယူစရာပါပဲ။ ဒီလိုကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေနဲ့ ဒေသအသီးသီးကို ဖွံ့ဖြိုးစေချင်တဲ့ ဆန္ဒကိုရှေ့ရှုကာ ကျပ်ငွေသိန်းပေါင်း(၁၅၀၀၀) မတည်ပေးမယ့် ဦးနေဝင်းထွန်း ရဲ့ သတ္တုလုပ်ငန်းဖောင်ဒေးရှင်းထူထောင်ခွင့် အဆိုဟာ ကျွန်တော်တို့လို ဆင်းရဲ မွဲတေနေတဲ့ ဒေသအတွက် အခွင့်အရေးတစ်ရပ် ဖန်တီးပေးခြင်းလို့ ယူဆရမည်ဖြစ်ပါတယ်။ ဒါကြောင့်ဒီအဆိုကို ကျွန်တော်ထောက်ခံပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၈။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)** ။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စက်မှုနိုင်ငံသို့ အမြန်ဆုံးကူးပြောင်းရန် လိုအပ်လာ ပါပြီ။ ကျွန်တော်တို့နိုင်ငံဟာ(၇၀)ရာခိုင်နှုန်းကျော်ကကျေးလက်မှာနေတဲ့ပြည်သူတွေ ဖြစ်ပါတယ်။ သူတို့ အခုလက်ရှိမှာ လုပ်ကိုင်စားသောက်နေတဲ့ ဒီတောင်ယာ၊ လယ်ယာစနစ်နဲ့တော့ ကျွန်တော်တို့ နိုင်ငံတိုးတက်ဖွံ့ဖြိုးအောင် လုပ်ဖို့ကမလွယ်ကူလှပါဘူး။ အင်္ဂလိပ်စကားတချို့ ကိုလည်း သုံးခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ သူတို့အခုလက်ရှိမှာ လုပ်ကိုင်နေတဲ့ပုံစံနဲ့ တကယ့် Quality of Life ပေးဖို့ဟာ မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ တစ်နှစ်တာမှာ စိုက်ပျိုးပြီးတော့ ပြန်လည်ရရှိပြီးတော့ အကျိုးအမြတ် ပြန်လည်ရောင်းချတဲ့ ငွေပမာဏတွေဟာ အရမ်းနည်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံဟာ အမြဲတမ်း ဆင်းရဲနေရတာ ဖြစ်ပါတယ်။ အစိုးရခေတ်အဆက်ဆက်မှာလည်း ကျွန်တော်တို့ ဒီတောင်သူလယ်သမားတွေရဲ့ ပြဿနာကို

အခုအချိန်ထိ တကယ်ပြေလည်အောင် မဖြေရှင်းသေးနိုင်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့က ဒီစက်မှုနိုင်ငံပေါ့။ ကျွန်တော်တို့ မရောက်လာနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီပြဿနာတွေကိုတကယ်ဖြေရှင်းဖို့ဆိုရင်ကျွန်တော်တို့စက်မှုနိုင်ငံမှာရောက်ပြီးတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတဲ့အချိန်မှာ ဒါတွေ ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ ပြဿနာတွေကလည်း အလိုလို ပြေလည်သွားမှာဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီလောက်(၇၅)ရာခိုင်နှုန်းရှိတဲ့ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ဒီ Human Resources ကြီးကို ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဖို့ဆိုရင် ကျွန်တော်တို့ ဒီဖောင်ဒေးရှင်းလိုမျိုး၊ အခု ဦးနေဝင်းထွန်း ရဲ့ ဖောင်ဒေးရှင်းလိုမျိုး ဒီအမျိုးသားလှုပ်ရှားမှုအသွင်နဲ့ ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ လူတွေ ဘယ်လိုစီးပွားရေးကို လုပ်တတ်လာအောင် ကျွန်တော်တို့ ကူညီပံ့ပိုးပေးနိုင်မလဲ။ ဒီလုပ်ငန်းကို လုပ်တတ်လာအောင် ဘယ်လိုအမျိုးသားလှုပ်ရှားမှုအသွင်နဲ့ ဘယ်လိုလုပ်နိုင်မလဲဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ လုပ်ငန်းတစ်ခု လုပ်ဖို့ရန်အတွက် အချက်(၄)ချက် အဓိက လိုအပ်ပါတယ်။ ဒီအချက်တွေကတော့ (၁) အရင်းအနှီး(Capital)ပေါ့။ ဒီအခု ဦးနေဝင်းထွန်း က တည်ထောင်မယ့် ဖောင်ဒေးရှင်းကနေ အတိုးမဲ့ ကျွန်တော်တို့ ကျေးလက်မှာနေတဲ့ ပြည်သူတွေကို လုပ်ငန်းလုပ်လာနိုင်အောင် သူက ငွေချေးပေးနိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ ဒီနံပါတ်(၂)မှာ ဘာလိုလည်းဆိုတော့ လုပ်ထုံးလုပ်နည်း(Legal Issues)တွေပေါ့။ ဒါတွေကို ကျွန်တော်တို့ လူအများစုဟာ မသိဘူး။ သိနိုင်ဖို့လည်း မလွယ်ဘူး။ နိုင်ငံခြားမှာဆိုရင် Legal Issues တွေကို Consult လုပ်ဖို့ဆိုရင် တစ်နာရီမှာ ဒေါ်လာ(၂၀)လောက်နဲ့ ကျွမ်းကျင်သူတွေဆီမှာ တိုင်ပင်နေရပါတယ်။ ပြီးတော့ တိုင်ပင်ပြီးမှလည်း သူတို့ အဆင့်လိုက် အဆင့်လိုက်ပြီးတဲ့ အပေါ်မှာ ဒီအဆင့်ပြီးရင် ဒါဘယ်လောက် ဘယ်လောက်ပေးရမယ် ဆိုတာတွေလည်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဦးနေဝင်းထွန်း က ထူထောင်မယ့် ဖောင်ဒေးရှင်းကနေ ဒီလုပ်ထုံးလုပ်နည်းတွေကို သူကအကုန် ကျွန်တော်တို့ကို ပံ့ပိုးပေးနိုင်မှာ ဖြစ်ပါတယ်။ သူက လုပ်ငန်းကို အောင်မြင်ပြီးသားဆိုတော့ သူ့ဆီမှာ ဒီကျွမ်းကျင်ပညာရှင်တွေ အများကြီးရှိပါတယ်။ သူတို့ အားဖြည့်ကူညီ ပံ့ပိုးပေးနိုင်မှာ ဖြစ်ပါတယ်။ တတိယအချက်မှာ လိုအပ်တာကတော့ နည်းပညာ Technical Knowledge ကျွန်တော်တို့ သတ္တုတွေကို တူးဖော်တဲ့အချိန်မှာ ဘယ်လို လုပ်ရမလဲ ဆိုတာတွေကို သူ့ဆီမှာ ကျွမ်းကျင်ပညာရှင်တွေ၊ ဘူမိဗေဒ ပညာရှင်တွေရှိတယ်။ သူက အခု အောင်မြင်နေတဲ့ လုပ်ငန်းရှင်တစ်ယောက် ဖြစ်တဲ့အတွက်ကြောင့် သူ့ဆီမှာ ကျွမ်းကျင်ပညာရှင်

တွေအစုံရှိပါတယ်။ ဝိုင်းဝိုင်းလည်နေကြတယ်။ ကျွန်တော်တို့ သူ့ဆီမှာ သွားလည်တဲ့အချိန်မှာလည်း သူ့ဆီမှာ ပညာရှင်တွေ တစ်ပုံကြီးရှိနေပါတယ်။ ဒါ ကျွန်တော်တို့ လုပ်ငန်းလုပ်တဲ့အချိန်မှာ တကယ် Technical Knowledge ဘယ်လိုတူးရမလဲ ဆိုတာတွေကို သူက ကူညီပေးနိုင်မှာ ဖြစ်ပါတယ်။ စတုတ္ထအချက်မှာ ဘာလိုအပ်လည်းဆိုတော့ ဈေးကွက် Market ပေါ့။ အဲဒီ Market မှာလည်း သူကလက်ရှိ ကူညီပေးနိုင်မှာ ဖြစ်ပါတယ်။ International Market မှာ ပြည်တွင်း Market အကုန်လုံး သူက ကူညီပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဖောင်ဒေးရှင်း ထူထောင်ခွင့်ရမယ်ဆိုရင် ကျွန်တော်တို့ ကျယ်ကျယ် ပြန့်ပြန့်ပေါ့။ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ကျေးလက်မှာနေတဲ့ပြည်သူ၊ နေရာအနှံ့မှာရှိတဲ့ လူတွေကို သူက ဒီလုပ်ငန်းလုပ်တတ်လာအောင် ကူညီပေးနိုင်မှာ ဖြစ်ပါတယ်။ အမှန်ဆိုရင် ကျွန်တော်တို့တိုင်းပြည် ဖွံ့ဖြိုးဖို့ဆိုရင် ပြည်သူအများ ကျွန်တော်တို့ နိုင်ငံပြည်တွင်းမှာရှိတဲ့ Human Resources အားလုံးပေါ့။ ပြည်သူတွေက ဒါတွေကိုလုပ်တတ်မှ ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ ဘာကြောင့်အခု ဂျပန်တို့၊ စင်္ကာပူတို့၊ ထိုင်ဝမ်တို့ တိုးတက်သလဲ ဆိုတာကိုလည်း သူတို့မှာရှိတဲ့ ဒီနိုင်ငံသူ၊ နိုင်ငံသားတွေက ဒါတွေကို ကောင်းကောင်းလည်း သိတယ်။ တတ်တယ်။ တတ်တဲ့ အတွက်ကြောင့် စင်္ကာပူဆိုရင် နေရာအနှံ့ပွဲစားလိုက်လုပ်ရုံနဲ့ သူ့တိုင်းပြည်က ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံဖြစ်လာတယ်။ ဒါတွေ ဒီလိုဖြစ်ဖို့ဆိုရင် ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ လုပ်ငန်းလုပ်တတ်ဖို့ တကယ်ကို လိုတယ်။ ဒီအခု နည်းပညာတွေ အကုန်လုံး သိဖို့လိုပါတယ်။ ဒါမှ ကျွန်တော်တို့တိုင်းပြည်ဟာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံလည်း ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဖောင်ဒေးရှင်းဟာ အင်မတန်ကောင်းမွန်တဲ့ မွန်မြတ်တဲ့ စေတနာကောင်း တစ်ခု ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာအောင် Nation Building လို့ခေါ်တဲ့ ကျွန်တော်တို့ နိုင်ငံတော်တည်ဆောက်ဖို့ရန်အတွက် တကယ်အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခု ဖြစ်ပါတယ်။ ဒါကျွန်တော်တို့နိုင်ငံကို တစ်ထောင့်တစ်နေရာကနေ မားမားမတ်မတ် ကူညီပေး နိုင်တဲ့ ဖောင်ဒေးရှင်းတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အလျဉ်းသင့်လို့ တစ်ခုကိုလည်း တင်ပြချင်ပါတယ်။ ကျွန်တော်တို့ အရင်လွှတ်တော်တုန်းက ဆိုရင်လည်း ကိုယ်စားလှယ်တစ်ဦးရဲ့ မေးမြန်းချက်ပေါ်မှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး တစ်ဦးက ဖြေတဲ့အချိန်မှာ ဖောင်ဒေးရှင်းတွေ၊ NGO တွေကို ထူထောင်လို့ ရပါတယ်။ စီမံစီးပွားမှာ သွားထူထောင်လို့ရပါတယ်လို့ ဖြေပါတယ်။ ဒါပေမယ့် လက်တွေ့မှာ အဲဒီမှာ

ထုထောင်လို့ ရသလားလို့ သွားလေ့လာတဲ့အချိန်မှာ လက်တွေ့မှာ မရသေးဘူးလို့ ပြောပါတယ်။ ဒါတွေကလည်း ကျွန်တော်တို့နိုင်ငံမှာ အခု ဖောင်ဒေးရှင်းတွေလည်း တချို့ရှိနေပါပြီ။ တချို့တွေက မရဘူး။ တချို့တွေကရတယ်။ ဒါတွေကလည်း မဖြစ်သင့်တဲ့ ကျွန်တော်တို့ လူက ဆုံးဖြတ်တဲ့ စနစ်ကနေ မူက ဆုံးဖြတ်တဲ့စနစ်သို့ ကျွန်တော်တို့ အမြန်ဆုံးကူးပြောင်းဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ ထုထောင်လို့မရဘူး ဆိုရင်လည်း ကျွန်တော်တို့ အားလုံးဟာ ရုပ်သိမ်းပြီးတော့ ထုထောင်ဖို့ မပေးသင့်တော့ပါဘူး။ ထုထောင်လို့ရမယ်ဆိုရင်လည်း သူ့ရဲ့အချက်တွေ Criterion တွေပေါ့။ အဲဒါတွေနဲ့ ကျွန်တော်တို့ ပြည်စုံတဲ့လူတွေ အားလုံးကိုတော့ ထုထောင်ခွင့်ပေးသင့် ပါတယ်။ အဲလိုမျိုးပေါ့ ဝန်ကြီးဌာနအားလုံးမှာရှိတဲ့ သူ့ရဲ့လုပ်ထုံးလုပ်နည်းတွေအရ တချို့တွေကပဲ ရတယ်ဆိုရင် ဒါ လူက ဆုံးဖြတ်လို့ပဲ။ ဒါဆိုရင် ဒါ ကျွန်တော်တို့နိုင်ငံမှာ မဖြစ်သေးဘူး။ ကျွန်တော်တို့ စနစ်ကို မြန်မြန်ကူးပြောင်းဖို့ လိုအပ်လာပြီလို့ ဥက္ကဋ္ဌကြီး ကျွန်တော်မြင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒါတွေကို မူက ဆုံးဖြတ်တဲ့စနစ်သို့ ကျွန်တော်တို့ အမြန်ဆုံးကူးပြောင်း ပေးနိုင်ပါရန်လည်း ကျွန်တော် ဥက္ကဋ္ဌကြီးဆီ တင်ပြပါတယ်။ ဒါကြောင့်အခု ကျွန်တော် ဦးနေဝင်းထွန်း ရဲ့ ကျွန်တော်တို့ နိုင်ငံတည်ဆောက်ရေးမှာ တစ်ထောင့်တစ်နေရာကနေ ကူညီပေးနိုင်မယ့် သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းထုထောင်ခွင့်ပြုနိုင်ပါရန် ထောက်ခံကြောင်းဆွေးနွေးလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးညီညီထွန်း စောစောက မိုက်တောင်းတာ။ ကြိုတင်စာရင်းပေးထားခြင်းမရှိသော်လည်း ခွင့်ပြုပါတယ်။ ဆွေးနွေးပါ။

**အချိန်၊ ၁၁း၀၅။**

**ဦးညီညီထွန်း မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)**။ ။ မဟုတ်ပါဘူးခင်ဗျား။ ဦးနေဝင်းထွန်း ရဲ့ အဆိုကို ကျွန်တော်ကလည်း အကြွင်းမဲ့ထောက်ခံမှာပါ။ သို့သော်လည်းပဲ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၄၁၊ ပုဒ်မခွဲ (က)မှာ အဆိုတစ်ရပ်ကို လွှတ်တော်တွင် တင်သွင်းဆွေးနွေးနေစဉ် ဆွေးနွေးခြင်းကိုရပ်စဲရန် လွှတ်တော်၏ဆန္ဒရယူရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဥက္ကဋ္ဌအား တောင်းဆိုနိုင်သည်။ ယင်းအဆိုကို လုံလောက်စွာ ဆွေးနွေးပြီးဖြစ်သည်ဟု ဥက္ကဋ္ဌက ယူဆလျှင်ဆိုတော့ ကျွန်တော်က ဆွေးနွေးချက်

ကလည်း ပြည်စုံပြီးဖြစ်တဲ့အတွက် အဲဒီကိစ္စကို ကျွန်တော် တောင်းဆိုမလို့ပါ။ အခုကတော့ ပြောစရာ မရှိတော့ပါဘူးခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ရပါတယ်။ လွှတ်တော်မှ ဆွေးနွေးခွင့်ဆိုတာ လွတ်လွတ်လပ်လပ် ဆွေးနွေးခွင့် ရှိပါတယ်။

**ဦးညီညီထွန်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)** ။ ။ ဟုတ်ကဲ့ပါခင်ဗျား။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း ထူထောင်ခွင့်ပြုရန်ဆိုတဲ့ကြားထဲမှာ ဦးနေဝင်းထွန်း နားထောင်ပါ။ သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းကို တည်ဆဲဥပဒေများနှင့်အညီ ထူထောင်ခွင့်ပြုရန်လို့ ပြင်ဆင် ပေးမယ်။ သဘောတူရဲ့လား။

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။ တူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနောင်းထွန်း တင်သွင်းတဲ့သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းကို တည်ဆဲဥပဒေများနှင့်အညီ ထူထောင်ခွင့်ပြုရန်အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တပ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းနဲ့ လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ ယခု သဘောတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များမိမိတို့နေရာများမှာ မတ်တပ်ရပ်ပြဖို့ဖြစ်ပါတယ်။ထိုင်နိုင်ပါပြီ။

မတ်တပ်ရပ်ပြတဲ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ(၄၀)ဦးနဲ့အထက်ရှိတဲ့အတွက် ဦးနေဝင်းထွန်း ရဲ့အဆိုကို အတည်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

# အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်ကမြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ်များ၏အကြံပြုချက်အပေါ် ဥပဒေကြမ်းကော်မတီ၏ပြန်လည်စိစစ်တင်ပြချက်အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းနဲ့စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးမန်းအောင်တင်မြင့် က ပြန်လည်ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဦးမန်းအောင်တင်မြင့်၊ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးမန်းအောင်တင်မြင့် ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များရဲ့ အကြံပြုချက်အပေါ် ဥပဒေကြမ်းကော်မတီမှ ပြန်လည်စိစစ်တင်ပြချက်ကို ဖတ်ကြား ရှင်းလင်းတင်ပြမှာ ဖြစ်တဲ့အတွက်ကြောင့် ဖတ်ကြားခွင့်ပြုပါခင်ဗျား။ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ် တင်ပြချက် အစီရင်ခံစာ။ ရက်စွဲ၊ ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ နိဒါန်း- အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များကို ၂၅.၁၀.၂၀၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၄၀ ရက်မြောက်နေ့တွင် အစီရင်ခံစာဖတ်ကြားရာ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၃)ဦးက အကြံပြုဆွေးနွေးခဲ့ကြပါတယ်။ ယင်းအကြံပြုဆွေးနွေးချက်များကို လွှတ်တော်က တာဝန်ပေးချက်အရ ထပ်မံကြားနာလေ့လာစိစစ်၍ အစီရင်ခံ တင်ပြအပ်ပါတယ်။

လေ့လာတွေ့ရှိချက်များ- အပိုဒ်(၂) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကို လေ့လာစိစစ်ညှိနှိုင်းခဲ့ရာ အောက်ပါအတိုင်း သဘောတူညီချက်များ ရရှိခဲ့ပါတယ်-

(က) ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် ရဲ့ ဆွေးနွေးချက်နဲ့ စပ်လျဉ်း၍ အခန်း(၁)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(စ) မြေရိုင်းဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် သစ်တော၊ ဝါးတော အစား သစ်ပင်၊ ဝါးပင်အဖြစ် ပြင်ဆင်ရန်နှင့် ပယ်ဖျက်သည့် စားကျက်မြေ၊ အင်းအိုင်မြေနှင့် ကြိုးဝိုင်းသစ်တောမြေဆိုတဲ့ စာသားများအစား ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေဟု ပြင်ဆင်ရန် ဆွေးနွေးချက်အပေါ် ပြင်ဆင်ရန် သဘောတူခဲ့ကြပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃ စီမံခန့်ခွဲရေး ဗဟိုကော်မတီ ဖွဲ့စည်းရာတွင် ယခုထက် ပိုမိုပြည့်စုံရန် တိုးချဲ့သင့်ကြောင်း ဆွေးနွေးချက်အပေါ်- (ကက) ဗဟိုကော်မတီ၌ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိစ္စတွင် အဓိကသက်ဆိုင်သော ဝန်ကြီးဌာနမှ ဝန်ကြီးများ သို့မဟုတ် ကိုယ်စားလှယ်များ ပါဝင်သင့်ကြောင်း အကြံပြုဆွေးနွေးကြပါတယ်။ (ခခ) ဖြည့်စွက် ဖွဲ့စည်းမယ့် စီမံခန့်ခွဲရေးဗဟိုကော်မတီတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာနအား တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက အဖွဲ့ဝင်အဖြစ်လည်းကောင်း ထပ်မံထည့်သွင်း ဖွဲ့စည်းပေးသင့်ကြောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ပုဒ်မ ၃(က)အဖြစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲရေး ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရန် ပြင်ဆင်ခြင်းကို သဘောတူလက်ခံခဲ့ကြပါတယ်။ ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ အဖွဲ့ဝင်များအဖြစ် ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အဖွဲ့ဝင်များ အဖြစ်

ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ နောက်အဖွဲ့ဝင်အဖြစ် ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နောက်အဖွဲ့ဝင် အဖြစ် ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ နောက်အဖွဲ့ဝင်အဖြစ် ညွှန်ကြား ရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နောက်အဖွဲ့ဝင် တစ်ဦးအဖြစ် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နောက်အဖွဲ့ဝင်တစ်ဦးအဖြစ် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်ဓန်ကြီးဌာန၊ နောက်အဖွဲ့ဝင် တစ်ဦးအဖြစ် ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့်သစ်တောရေးရာဓန်ကြီးဌာန၊ နောက်အဖွဲ့ဝင်တစ်ဦးအဖြစ် ညွှန်ကြားရေးမှူးချုပ်၊သတ္တုတွင်း ဦးစီးဌာန၊ သတ္တုတွင်းဓန်ကြီးဌာန၊ နောက်အဖွဲ့ဝင်တစ်ဦးအဖြစ်၊ ညွှန်ကြားရေးမှူးချုပ် သမဝါယမ ဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ နောက်အဖွဲ့ဝင်တစ်ဦးအဖြစ် ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုန်ကြီးဌာန၊ အတွင်းရေးမှူး အဖြစ် ညွှန်ကြားရေးမှူးချုပ်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တွဲဖက်အတွင်းရေးမှူးအဖြစ်နဲ့ ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီး ဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဓန်ကြီးဌာန ဆိုပြီးတော့ ကော်မတီဖွဲ့စည်းဖို့ သဘောတူညီခဲ့ကြပါတယ်။နောက် ပုဒ်မ ၃(ခ)အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ထပ်မံဖြည့်စွက်ခဲ့ပါတယ်။ နံပါတ်(၄) (ကက) အခန်း(၇)၊ ပုဒ်မ ၁၈ တွင် ဦးရှုမောင်နှင့် ဦးသိန်းဝင်း တို့က တာဝန်ပေးမည့် ပုဂ္ဂိုလ်အား မြို့နယ်ဦးစီးမှူးတစ်ဦးထက် မနိမ့်သော ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ၊ အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ တာဝန်ပေးအပ်နိုင်သည့်အစား အဆင့်မြင့်သည့်အဖွဲ့အား တာဝန်ပေးအပ်သင့်ကြောင်း ဆွေးနွေးကြပါသည်။ ယင်းဆွေးနွေးချက် အပေါ် အပြန်အလှန်ညှိနှိုင်း၍ သက်ဆိုင်ရာဌာနများ စုပေါင်းပါဝင်သော အထူးအဖွဲ့ကို အခါ အားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်ဟု ပြင်ဆင်ရန် သဘောတူညီခဲ့ကြပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ ရဲ့ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အခန်း(၇)၊ ပုဒ်မ ၁၉ စာကိုယ်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအနက်မှ လိုအပ်မည့် မြေဧရိယာကို သာ ပြန်လည်ရယူပိုင်ခွင့် ရှိသည် ဆိုတဲ့ စာသားအစား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအနက်မှ လိုအပ်မည့် အနည်းဆုံးမြေဧရိယာကိုသာ ပြန်လည်ရယူပိုင်ဆိုင်ခွင့်ရှိမည်

ဆိုတဲ့စာသားအဖြစ် ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းရရှိခဲ့ပါတယ်။ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဂ)ပါ စာသားများကို ရှင်းလင်းထိရောက်စွာ ပြင်ဆင်ရေးသားသင့်ကြောင်း ဆွေးနွေးရရှိသဖြင့် ယင်းပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဂ)အား မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်းမရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည် ဆိုပြီးတော့ ပြင်ဆင်ဖို့သဘောတူညီခဲ့ကြပါတယ်။တစ်ဖန်စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဦးသိန်းဝင်း ရဲ့ ဆွေးနွေးချက်နဲ့ စပ်လျဉ်း၍ အခန်း(၃)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)ပါ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများဆိုသည့်စာသားသည် ကျယ်ပြန့်သဖြင့် အသေးစိတ်ဖော်ပြသင့်ကြောင်း ဆွေးနွေးချက်အပေါ်ညှိနှိုင်းကြရာ နည်းဥပဒေရေးဆွဲရာတွင် ယင်းလုပ်ငန်းများကို အသေးစိတ်ထည့်သွင်းရန် သဘောတူညီခဲ့ကြပါတယ်။ အခန်း(၃)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)ပါ ဓာတ်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်း၊ အခြားလုပ်ငန်းစသည့် စာသားအသုံးအနှုန်းသည် အဓိပ္ပာယ် ကောက်ယူရန် ကျယ်ပြန့်သဖြင့် အသေးစိတ်ဖော်ပြသင့်ကြောင်း ဆွေးနွေးကြပါတယ်။ အပိုဒ် (၄) (ဃ)ကဲ့သို့ပဲ နည်းဥပဒေများရေးဆွဲရာမှာ လုပ်ငန်းများအား အသေးစိတ်ထည့်သွင်းပေးရန် ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)ပါ သတ်မှတ်ထားသော ကာလအတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟူသည်ကိုနှစ်အလိုက်ရာခိုင်နှုန်းဖြင့် သတ်မှတ်ရန် ဆွေးနွေးကြပါတယ်။ ဆွေးနွေးညှိနှိုင်းချက်အရ ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်အတည်ပြုထားသည့်အတိုင်း ရပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ (၃)နှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်ဟု ပြင်ဆင်ချက်ကို အားလုံးက လက်ခံသဘောတူညီခဲ့ကြပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(င)ပါ ဗဟိုကော်မတီက သတ်မှတ်သောစည်းကမ်းချက်များ လိုက်နာရာ၌ တိကျစေရန်အတွက် အခါအားလျော်စွာ စာသားအား ပယ်ဖျက်ပေးသင့်ကြောင်းဆွေးနွေးရာ ပယ်ဖျက်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၅ တွင် လက်ရှိလက်ငုတ်လုပ်ကိုင်နေသောဒေသခံလုပ်ငန်းရှင်ငယ်များအတွက်လည်း နစ်နာမှုမရှိစေရန် စဉ်းစားသင့်ကြောင်းဆွေးနွေးခဲ့ကြပါတယ်။ယင်းအချက်အပေါ် အပြန်အလှန်ညှိနှိုင်းဆွေးနွေးပြီး မူလပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်အား ပုဒ်မခွဲ(က)အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ(ခ)အား နစ်နာမှုမရှိစေရေးအတွက် ဖြည့်စွက်၍ အောက်ပါအတိုင်း ပြင်ဆင်အတည်ပြုခဲ့ကြပါတယ်။ ပုဒ်မ ၂၅ ဗဟိုကော်မတီသည် (က) မြေလွတ်၊ မြေလပ်နှင့်

မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများ ပြုလုပ်ခံရကြောင်း ပေါ်ပေါက်တွေ့ရှိလျှင် ဥပဒေနှင့်အညီ အကာအကွယ်ရရှိရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးရပါမယ်။ (ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသော မြေဧရိယာပေါ်တွင် ယခင်ကတည်းကလက်ရှိလက်ငုတ်လုပ်ကိုင်နေသောဒေသခံလုပ်ငန်းရှင်ငယ်များရှိပါကယင်းတို့အားလည်း နစ်နာမှုမရှိစေရန်ဥပဒေနှင့်အညီညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရပါမယ်လို့ ဆွေးနွေးခဲ့ကြပါတယ်။

ကော်မတီရဲ့သဘောထားမှတ်ချက် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ အထောက်အကူပြုသော သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ညှိနှိုင်းဆွေးနွေးမှုများအရ ဤဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (င)၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉(စာကိုယ်)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဂ) တို့ကိုပြင်ဆင်ခြင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)အဖြစ် ဗဟိုကော်မတီကို ပြင်ဆင်ဖွဲ့စည်းပြီး ပုဒ်မခွဲ(ခ)အဖြစ် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည့် အချက် အသစ်ထပ်မံဖြည့်စွက်ခြင်း၊ ပုဒ်မ ၂၅ တွင် မူလပြဋ္ဌာန်းချက်ကို ပုဒ်မခွဲ(က)အဖြစ် ထားရှိပြီး ပုဒ်မခွဲ(ခ)အဖြစ် အသစ်ထပ်မံဖြည့်စွက်ခြင်းတို့ ပြုလုပ်သင့်ကြောင်းနှင့် ပြင်ဆင်ဖြည့်စွက်ပြီးသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် အစည်းအဝေးသို့ ဆက်လက်တင်ပြ အတည်ပြုသင့်ပါကြောင်း သဘောထားမှတ်ချက်အား ထောက်ခံတင်ပြအပ်ပါသည်။ ကျေးဇူး တင်ပါသည်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက တစ်ခုကြည့်ပါ။ ပုဒ်မ ၂၅ တင်ပြချက်ရဲ့ စာမျက်နှာ(၆)မှာ မြန်မာစာ အရေးအသားကိစ္စ ပုဒ်မ ၂၅ ဗဟိုကော်မတီသည် ဗဟိုကော်မတီ ဆိုတာ Subject ၊ ကတ္တားဖြစ်သွားတယ်။ ဗဟိုကော်မတီသည် (က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက အဲဒီ(က)က စကားပြောတာ၊ (က) ထပ်ထည့်တဲ့အတွက် သူကလည်း Subject ထပ်ဖြစ်တဲ့ သဘောဖြစ်နေတယ်။ တကယ်တော့ သူက ခံရမယ့်သူနော်။ အဲတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်

ရရှိသူသည်ဆိုရင်တော့ သူကခံရတဲ့သူ ဖြစ်သွားတယ်။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဟန့်တားနှောက်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများ ပြုလုပ်ခံရကြောင်း ပေါ်ပေါက်တွေ့ရှိလျှင် ဒါဆိုရင် လုပ်ပိုင်ခွင့်ရရှိသူသည် ခံရသူဖြစ်သွားမယ်။ အကယ်၍ အသုံးပြုခွင့်ရရှိသူက ထည့်မယ်ဆိုရင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက် လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများ ပြုလုပ်ခံရကြောင်း တင်ပြလာလျှင်လို့ ဖြစ်ရမယ်။ သူကလည်း လုပ်ရတော့မှာပေါ့။ သူက တင်ပြရမယ်။ တင်ပြတော့မှ ဗဟိုကော်မတီကနေပြီးတော့အခုနက အကာအကွယ်ရရှိရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည် ဒီလိုဖြစ်သွားမှာပေါ့။ တွေ့တယ်နော်။ အဲတော့ ဒီအသုံးပြုခွင့်ရရှိသူက (က)ကို(သည်)ပြင်မလား။ (ပေါ်ပေါက်တွေ့ရှိလျှင်)ကို (တင်ပြလာလျှင်)ပြင်မလား။ တစ်ခုခုတော့ ပြင်ဖို့လိုတယ်။ ရှေ့နောက်ဆီလျော်အောင် ပြင်လိုက်ပါ။ (တင်ပြလာလျှင်)ကောင်းတယ်နော်။ ပြုလုပ်ခံရကြောင်း ပေါ်ပေါက်ကြောင်း ဒီလိုလား။ တင်ပြလာလျှင်ပေါ့။ သူကတင်ပြရတော့မှာပေါ့။ ဗဟိုကော်မတီကို တင်ပြရမှာပေါ့။ တင်ပြတော့မှ ဗဟိုကော်မတီသည် ဘာလုပ်ပေးမလဲ။ ဥပဒေနဲ့အညီ အကာအကွယ်ရရှိရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးရမည် ဆိုတော့မှ တည့်သွားမယ်နော်။ အားလုံးသဘောတူရဲ့လား။ ကောင်းပါပြီ။ တခြားတော့ မရှိပါဘူး။ လွှတ်တော်အစည်းအဝေး နာရီဝက် ရပ်နားပါမယ်။ ၁၂း၀၀ နာရီအချိန်မှာ ပြန်လည်ကျင်းပပါမယ်။

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွါပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးအား ၁၁း၂၅ နာရီတွင် ရပ်နားပြီး ၁၂း၀၀ နာရီအချိန်တွင် ပြန်လည်စတင်ပါသည်။]

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၁)၊ အပိုဒ် ၂(ခ)

ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ကိုဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကိုသဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ခ)သည် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်သည့်အတွက် အခန်း(၁)၊ အပိုဒ် ၂(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၁)၊ အပိုဒ် ၂(စ)

မြေရိုင်းဆိုသည်မှာ သစ်ပင်၊ဝါးပင် သို့မဟုတ် ချုံနွယ်များ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည်ဖြစ်စေ မရှိသည် ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကိုဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါဝင်သည်လို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူမရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(စ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၁)၊ အပိုဒ် ၂(ဇ)

မြေခွန်ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူက လုပ်ကိုင်သည့် အသုံးပြုသည့် လုပ်ငန်းအလိုက် နိုင်ငံတော်သို့ပေးဆောင်ရန် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများနှင့်အညီ သတ်မှတ်သောမြေခွန်ကို ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဇ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြည့်စွက်ချက်-

အခန်း(၂)၊ အပိုဒ် ၃(က)

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး(လယ်ယာ)<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး(ဆည်မြောင်း)<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(၉) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်

မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း၊

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

သတ္တုတွင်းဦးစီးဌာန၊

သတ္တုတွင်းဝန်ကြီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

သမဝါယမဦးစီးဌာန၊

သမဝါယမဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၅) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး

သစ်တောဦးစီးဌာန၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင်မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(က)၊(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်- အခန်း(၃)၊အပိုဒ်၆(ဂ)

(ဂ) ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက် စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝ အင်းအိုင်များကို ထိန်းသိမ်းနိုင်ရေးတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ သက်ဆိုင်ရာအခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်၏ မြေအသုံးချရေးမူဝါဒ ပီပြင်စွာဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သော အကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်ဟု ပြင်ဆင်ဖြည့်စွက် ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၆(ဂ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့ အတွက် အခန်း(၃)၊ အပိုဒ် ၆(ဂ)၊ (ဃ)သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် အခန်း(၄)၊ အပိုဒ် ၁၀(က)

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်- (၄) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအတွက် (၁၀)ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို သက်ဆိုင်ရာဒေသ အဖွဲ့အစည်းတစ်ခုခုက ခွင့်ပြုနိုင်ရေး အတွက် စီမံဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၀(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၀(က)(၄)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ထပ်မံဖြည့်စွက်ချက်အခန်း(၄)၊ အပိုဒ် ၁၀

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ သတ္တုတွင်းဝန်ကြီးဌာန နှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။ (ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်ဟု ထပ်မံဖြည့်စွက်ထားပါတယ်။

ဒီထပ်မံဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၀ ထပ်မံဖြည့်စွက်ချက် အတည်ဖြစ်သည်။

ထပ်မံဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၀(ဂ)၊ (ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ထပ်မံဖြည့်စွက်ချက်အခန်း(၄)၊အပိုဒ်၁၁

ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ သတ္တုတွင်းဝန်ကြီးဌာန နှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။ (င) အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်ဟု ထပ်မံဖြည့်စွက်ထားပါတယ်။

ဒီထပ်မံဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၁ ထပ်မံဖြည့်စွက်ချက် အတည်ဖြစ်သည်။

ထပ်မံဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၁(ဃ)၊ (င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် အခန်း(၆)၊ အပိုဒ် ၁၆(ခ)

လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့်နေ့မှစ၍ (၃)နှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၆(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၆(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်- အခန်း(၆)၊ အပိုဒ် ၁၆( င)

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ ဗဟိုကော်မတီက သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၆(င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၆(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၇)၊ အပိုဒ် ၁၇

ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြလာသည့်ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် လုပ်ငန်းအဖွဲ့များနှင့် သီးခြား အဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၇)၊ အပိုဒ် ၁၈

ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ရရှိသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ/မရှိကို စစ်ဆေးရန် သက်ဆိုင်ရာဌာနများ စုပေါင်းပါဝင်သော အထူးအဖွဲ့ကို အခါအားလျော်စွာ ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်)။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၈ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၇)၊ အပိုဒ် ၁၉

ဗဟိုကော်မတီသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအနက်မှ လိုအပ်မည့် အနည်းဆုံးမြေဧရိယာကို ပြန်လည်ရယူပိုင်ခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်)။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၇)၊ အပိုဒ် ၂၂(ဂ)

မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည် သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၂(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၂(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ဖြည့်စွက်ချက်- အခန်း(၈)၊အပိုဒ် ၂၅

၂၅။ ဗဟိုကော်မတီသည်- (က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ရရှိသူက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးဖျက်ဆီးခြင်းများ ပြုလုပ်ခံရကြောင်း တင်ပြလာလျှင် ဥပဒေနှင့်အညီ အကာအကွယ်ရရှိရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်။ (ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လက်ရှိ လက်ငုတ်လုပ်ကိုင်နေသော ဒေသခံလုပ်ငန်းရှင်ငယ်များရှိပါက ယင်းတို့အားလည်း နစ်နာမှုမရှိစေရန် ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရမည်ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင် ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၅ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့ အတွက် အခန်း(၈)၊ အပိုဒ် ၂၅(က)၊ (ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၁၀)၊ အပိုဒ် ၃၀

အခန်း(၉)ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၃၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၃၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီ အတည်ပြုပြီးဖြစ်ပါတယ်။ ယခုအဆိုမှာ ဤဥပဒေကြမ်းအပိုဒ် ၁ မှ ၃၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

(သဘောမတူသူမရှိပါ)

သဘောမတူသူမရှိတဲ့အတွက်အဆိုအတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကိုသဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

(သဘောမတူသူမရှိပါ)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆိုအတည် ဖြစ်သည့် အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်း

**အချိန်၊ ၁၂း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ တင်ပြချက်အပေါ်မှာ ကျွန်တော်က အမြင်ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးတဲ့ အခါမှာ အသုံးအနှုန်းပေါ်မှာ ဗမာစကားအားနည်းတဲ့အတွက် လွှတ်တော်နဲ့ မဆီလျော်တဲ့ အသုံးအနှုန်းမျိုးသုံးခဲ့ရင် ဥက္ကဋ္ဌကြီးကို ခွင့်လွှတ်ပါရန် ကြိုတင်ပန်ကြားပါတယ်။ မပါဖို့လည်း ကျွန်တော် ကြိုးစားပြီးတော့ ဆွေးနွေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခြေခံဥပဒေမှာ ပြည်သူ့လွှတ်တော်ဆိုင်ရာ အခြေခံဥပဒေမှာဖော်ပြထားတဲ့ အခန်း(၄)၊ အပိုဒ် ၁၂(စ)မှာပါတဲ့ အချက်ကို ကျွန်တော်ဆွေးနွေးမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ ပါတဲ့အချက်ကတော့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် မိမိနယ်မြေရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်း၊ လုံခြုံရေးနှင့် အခြားကိစ္စများကို သက်ဆိုင်ရာ အာဏာပိုင်များထံမှ ရယူရန်ဆိုပြီးတော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားပါတယ်။ အဲဒါကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိနယ်မြေရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်း၊ လုံခြုံရေးနှင့် အခြားကိစ္စများကို မိမိပါတီကသာ ဆောင်ရွက်ရန် ဖြစ်သည်လို့ ပြင်ဆင်ထားပါတယ်။ အဲဒါကို ကျွန်တော်တို့ မိမိပါတီအစီအစဉ်ဖြင့်ဆိုတဲ့ ဥစ္စာကို ကျွန်တော် တစ်ခုပြင်ဆင်ထားပါတယ်။ မိမိပါတီအစီအစဉ်အစားကို သက်ဆိုင်ရာ အာဏာပိုင် များနှင့်ညှိနှိုင်း၍ အုပ်ချုပ်မှုနှင့်ညှိနှိုင်း၍ ခွင့်ပြုခွင့်ရယူရန် ဆောင်ရွက်ခြင်းဆိုပြီး အစားထိုး ပြင်ဆင်ထားပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပါတီကိုယ်စားလှယ်တွေ မဟုတ်ပါဘူး။ နယ်မြေအတွေ့အကြုံ ရှင်းလင်းပွဲသွားတဲ့အခါမှာ ပါတီမူဝါဒ၊ ပါတီကိစ္စကို ကျွန်တော်တို့ ပြောဆိုဆွေးနွေးမှာ မဟုတ်ပါဘူး။ လွှတ်တော် ကိုယ်စားလှယ်များသည် အစိုးရ၏တစ်စိတ်တစ်ပိုင်း ပူးပေါင်းဆောင်ရွက်ခြင်း လွှတ်တော် ကိုယ်စားလှယ်များဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက အကူအညီမပေးဘူးဆိုရင် ပါတီလိုင်းအနေနဲ့သွားမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူလူထုနဲ့ အတွေ့အကြုံရှင်းလင်းပွဲဟာ အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စည်းရုံးရေးဆင်းတုန်းက အတွေ့အကြုံအရ ဖြစ်ပါတယ်။ ကျွန်တော်တို့ စည်းရုံးရေးဆင်းတဲ့အခါ ကျေးရွာသော်လည်းကောင်း၊ မြို့ပေါ်သော်လည်းကောင်း၊

အုပ်ချုပ်ရေးမှူး အရင်တုန်းကတော့ ဥက္ကဋ္ဌပေါ့။ အုပ်ချုပ်ရေးမှူးတွေက တစ်ခြားပါတီ၊ ဟိုပါတီဆို မခေါ်ပေးတော့ဘူး။ ဘာကိစ္စမျှ စည်းရုံးခွင့်မပြုဘဲနဲ့ ကျွန်တော်တို့ လူထုနဲ့လည်း ထိတွေ့မှုမရှိဘူး။ အလားတူပဲ အခုကိစ္စမျိုးလည်းပဲ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပါတီကိုယ်စားလှယ်ပုံသဏ္ဌာန်နဲ့ ပါတီကိုအခြေခံပြီး သွားရမယ်ဆိုရင် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးတွေက ခေါ်ပေးချင်မှ ခေါ်ပေးမယ်။ ဥပဒေက အကာအကွယ်မပေးဘူးဆိုရင် ကျွန်တော်တို့လည်း ပြောလို့ရချင် မှရမယ်။ ဒါကြောင့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍဟာ အလိုလိုနိမ့်ကျသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေမှာ (၂) ကျွန်တော်တို့ကို အကာအကွယ်ပေးထားနိုင်မှ ကျေးရွာနယ်မြေဆင်းတဲ့အခါမှာ လူထုနဲ့တွေ့ကြုံနိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပြင် တချို့ မြို့နယ်မှာသော်လည်းကောင်း၊ ကျေးရွာမှာသော်လည်းကောင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများကို ပါတီငယ်တစ်ခုက အကူအညီသွားတောင်းရင် မပေးနိုင်တာလည်း ရှိနိုင်ပါတယ်။ အဲဒီတော့ ပါတီနဲ့ ဒီအုပ်ချုပ်ရေးမှူးနဲ့သော်လည်းကောင်း၊ ပါတီနဲ့ တခြားပါတီတွေလည်းရှိတယ်။ တခြားပါတီနဲ့သော်လည်းကောင်း၊ တခြားမတည့်တဲ့သူသော်လည်းကောင်း ဥပဒေက အကာအကွယ်မပေးရင် ပြဿနာ ဖြစ်လာနိုင်တယ်။ ဆိုလိုတဲ့အဓိပ္ပာယ်က မြို့ပေါ်တစ်ခုမှာ ပါတီ(၃)(၄)ခု ရှိတယ်။ ပါတီ(၃)၊(၄)ခုရှိတဲ့အထဲမှာ လွှတ်တော်ကိုယ်စားလှယ်ရတဲ့သူက တစ်ပါတီက ဖြစ်တယ်။ တစ်ပါတီကဖြစ်တဲ့ကိစ္စကို အဲဒီအုပ်ချုပ်ရေးမှူးနဲ့ တခြားပါတီနဲ့ ပြည်သူလူထုနဲ့ တွေ့ဆုံဖို့ ဆွေးနွေးဖို့ဆိုတာဟာ ဒီမြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးမှ မပါရင် ဒီလွှတ်တော်ကိုယ်စားလှယ် တွေ့ဆုံရှင်းလင်းပွဲဟာ အောင်နိုင်မှာ မဟုတ်ပါဘူး။ လွှတ်တော်ကိုယ်စားလှယ်သည် ခုနတင်ပြခဲ့သလို ဒီအစိုးရရဲ့ မူဝါဒ၊ လွှတ်တော်ရဲ့ အတွေ့ အကြုံများ ဆွေးနွေးတဲ့အခါမှာ ပါတီမူဝါဒနဲ့ လုံးဝသွားရမှာမဟုတ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပေးဖို့ ဆွေးနွေးပါတယ်။ ဖတ်ကြားခွင့်ပြုပါရန်ခွင့် တောင်းပန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။ ဒီလ (၂၄) ရက်နေ့မှာ သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘယ်လိုပြောထားသလဲဆိုတော့ လွှတ်တော်

ကိုယ်စားလှယ်များသည် မိမိတို့သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ် အသီးသီးသို့ သွားရောက်၍ ပထမအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များကို ပြန်လည်ရှင်းလင်း တင်ပြခြင်း ပြုလုပ်နေကြသကဲ့သို့ သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးသည် ပြည်သူများ၏ အသံ၊ ပြည်သူများ၏ ဆန္ဒသဘောထားများကို မြင်အောင်ကြည့်အောင်၊ ကြားနာ၊ နားထောင်ပြီး သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများထံ တင်ပြခြင်း၊ သက်ဆိုင်ရာ နယ်မြေအတွင်းရှိ သက်ဆိုင်ရာ ဌာနများအား အကြောင်းကြားခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများပြုလုပ် နေကြရမည်လည်း ဖြစ်ကြောင်း ပြောကြားသွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့က မိမိပါတီအနေနဲ့ ဒီကိစ္စများကို သက်ဆိုင်ရာ အာဏာပိုင်များနဲ့ မညှိနှိုင်းပဲနဲ့ မိမိပါတီအစီအစဉ်နဲ့ ဆောင်ရွက်မယ်ဆိုရင် ဒီဟာ အောင်မြင်နိုင်ဖို့ အခက်အခဲရှိတယ်ဆိုတာကို ဥက္ကဋ္ဌကြီးကို တင်ပြပါတယ်။ တစ်ဆက်တည်းမှာ လည်းပဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြောသွားတာမှာထို့ကြောင့် လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ် များ၏ သဘောထားနှင့် ရည်ရွယ်ချက်သည် အစိုးရအဖွဲ့၏ သဘောထားနှင့် ရည်ရွယ်ချက် အတိုင်းဖြစ်သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ဒါကြောင့် ကျွန်တော်တို့ဟာ လွှတ်တော်ကိုယ်စားလှယ် ဖြစ်တဲ့အခါ ပါတီလိုင်းနဲ့မဟုတ်တော့ပဲနဲ့ အစိုးရ၏ လိုအပ်ချက်များကိုသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရမှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အခန်းကဏ္ဍကို မြှင့်တင် ပေးနိုင်ရေးအတွက် ကျွန်တော်တင်ပြတဲ့ ဥပဒေကို ဖြည့်စွက်ချင်ပါတယ်။ ကျွန်တော်တင်ပြချင်တဲ့ ဥပဒေကတော့ ခုနက ပြောကြားသွားသလို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်း၍ ခွင့်ပြုချက်ရယူရန် ဆောင်ရွက်ခြင်းဆိုတာဟာ ပြည်သူ့လွှတ်တော်ရဲ့ တင်ပြချက်ထက်ပိုပြီးတော့ ပျော့ပျောင်းတယ်လို့ သဘောရလို့ တင်ပြခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာကြောင့်လဲ ဆိုရင် ကျွန်တော်တို့ရဲ့ ဆောင်ပုဒ်ဟာလည်း ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်၏ ဖော်ဆောင်ချက် ဆိုပြီးတော့ ဆန္ဒ ကျွန်တော်တို့ ဖော်ဆောင်သလို အဲဒီလိုပဲ ပါတီလိုင်းကိုပေးလို့ရှိရင် လွှတ်တော်၏အစားကို ပြည်သူ့ဆန္ဒအစားကို ပါတီဆန္ဒ လွှတ်တော်အသံ၊ ပါတီအသံ၊ လွှတ်တော်အသံ၊ ပါတီဆန္ဒ လွှတ်တော်ဆန္ဒလို့ ပုံသဏ္ဍာန်မျိုး ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ဒီဥပဒေကြမ်းကို ဒီအပိုဒ်ကို ပြင်ပေးနိုင်ဖို့ရန် ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အတွေ့အကြုံအရ ပါတီနိုင်ငံရေးထူထောင်တဲ့အခါပါတီလိုင်းကို အားသန်လို့ရှိရင် လွှတ်တော်မှာသော်လည်းကောင်း၊ အဖွဲ့အစည်းမှာသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှုကို ထိပါးနိုင်တယ်ဆိုတာကို သမိုင်း

အရင်က(ဖဆပလ)ခေတ်က အတွေ့အကြုံများကို ကျွန်တော်အနည်းငယ် ပြောပြပါမယ်။ ကျွန်တော်တို့ မန္တလေးက လွှတ်တော်အမတ်ဖြစ်တဲ့ ဟိုတုန်းက (၅၂)ခုနှစ် (၅၆)ခုနှစ်မှာ သူ့တို့ပြန်လာလို့ အတွေ့အကြုံရှင်းလို့ ရွာမှာပြောတဲ့အခါ ဘာပြောသလဲဆိုတော့ သူတို့ တိုင်းပြည်တိုးတက်ရေးလမ်းကြောင်း၊ လမ်းကောင်းစားရေးနှင့် စီးပွားရေးတိုးတက်ရေးကို မပြောဘဲနဲ့ ဘယ်ပါတီရဲ့ဝန်ကြီးကို ဘယ်ပါတီကဖြုတ်လို့ ဘယ်ပါတီရဲ့အမတ်ကို ဘယ်လို လုပ်လို့ ဆိုတာမျိုးတွေ လွှတ်တော်အစည်းအဝေးမှာ အမြဲတမ်းပါတီအရေးနဲ့ ပတ်သက်တာကိုပဲ ပြောနေကြတာကို အတွေ့အကြုံအရ သိပါတယ်။ ဒါကြောင့် အဲဒီအတွေ့အကြုံအရပဲ ကျွန်တော်တို့လည်း လွှတ်တော်ကိုယ်စားလှယ် အသီးသီးဟာလည်း ဥက္ကဋ္ဌကြီးကလည်းမှာတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကလည်း မှာတယ်။ ပြည်သူတွေနှင့် ထိတွေ့နိုင်ဖို့ မဲဆန္ဒနယ်နှင့် ထိတွေ့နိုင်ဖို့ဟာ အင်မတန် အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်၏ ဆန္ဒသာလျှင် မဟုတ်ဘဲနဲ့ ပထမ ပြည်သူ့လွှတ်တော်ရဲ့ မူရင်းဥပဒေထဲမှာလည်းပါတယ်။ ဒီ အခန်း(၄) ပုဒ်မ ၉ မှာ မဲဆန္ဒနယ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအတွင်းရှိ အာဏာပိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အဲဒါဥပဒေကြမ်းမှာ ပါရှိပါတယ်။ အဲဒီလို ဟာမျိုး ဥပဒေကို သိပြီးတဲ့အခါ အထိုက်အလျောက် လေ့လာတဲ့အခါမှာ ပြည်သူ့ အာဏာပိုင် များနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးဟာ လူကြီးတွေကလည်း အလိုတော်ရှိတယ်ဆိုတာကို သိရပါတယ်။ ပါတီစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ မရှိဖို့ကို အကြိမ်ကြိမ်သွန်သင်ထားတာကို ကျွန်တော်တို့ မှတ်မိရပါတယ်။ ကျွန်တော်၏ အဆိုဖြစ်သော ပြင်ဆင်ဖြည့်စွက်သော အဆိုကို ဥက္ကဋ္ဌကြီးမှ ခွင့်ပြုနိုင်ပါရန်နှင့် သက်ဆိုင်ရာကော်မတီ ဥပဒေကြမ်းကော်မတီရဲ့ ပုဂ္ဂိုလ်တွေကလည်း အတွေ့အကြုံ ရင့်ကျက်တဲ့သူတွေ၊ ဥပဒေပညာရှင်တွေ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ အနေနဲ့လည်း ကျွန်တော်ရဲ့ တင်ပြချက်ကို နားလည်ပေးပါရန် ခွင့်လွှတ်ပေးပါရန်လည်း တောင်းပန်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဥပဒေကြမ်းကော်မတီ ခဏခဏထိုင်ရတော့ ဒီတစ်ခုပြောတာ ဥပဒေတစ်ခုပြောတာနဲ့ သူတို့လည်း တော်တော်လေး စိတ်ညစ်မှာကို ကျွန်တော် စိုးရိမ်ပါတယ်။ ဒါပေမယ့်လည်း လက်တွေ့မှာ ပါတီငယ်များအတွက် ပါတီကြီးလည်း ဒီဥစ္စာ တွေ့ကြုံနိုင်သောကိစ္စဖြစ်တဲ့အတွက် အဲဒီဥစ္စာကို ပြင်ဆင်ပေးနိုင်ပါရန် အကြံပြုဆွေးနွေးလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးပေါ်လျှံလွင် ပြင်ချင်တဲ့အတိုင်း အပြည့်အစုံလေး တင်ပြပေးပါ။ ဘယ်လိုပြင်ချင်တယ်ဆိုတာ အစအဆုံးလေး။ ၁၂(စ)။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)** ။ ။ ဟုတ်ကဲ့။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)** ။ ။ ဥပဒေ အခန်း(၄)၊ အပိုဒ်ငယ် ၁၂(စ)မှာ ပါတဲ့အချက်ဖြစ်ပါတယ်။ အဲဒီအထဲမှာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် မိမိ ဆန္ဒနယ်မြေရှိ မဲဆန္ဒနယ်ရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်းလုံခြုံရေးနှင့် အခြားကိစ္စရပ်များကို သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်း၍ ခွင့်ပြုချက်ရယူရန် ဆောင်ရွက်ခြင်းလို့ ပြင်ဆင်ထားပါတယ်။ သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ခွင့်ပြုချက် ရယူရန် ဆောင်ရွက်နိုင်ခြင်းလို့ ကျွန်တော် ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ဒီအတိုင်းဆိုရင် မဲဆန္ဒရှင်နဲ့တွေ့မယ့် အခမ်းအနားကို ခွင့်ပြုချက်တောင်းရမယ့် အပိုင်းဖြစ်နေတယ်။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)** ။ ။ အဲဒါကို ကျွန်တော်တို့က လက်တွေ့လိုလို့ မတောင်းရင်လည်း အလိုလို တောင်းရတယ်။ အခုကျွန်တော်တို့ သွားရင်လည်း ကျေးရွာအုပ်ချုပ်ရေးမှူး မသိဘဲနဲ့ ကျွန်တော်တို့ ခေါ်လို့မရဘူး။ အဲဒါကြောင့် အုပ်ချုပ်ရေးမှူးနဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးနဲ့ ညှိနှိုင်း၍ဆိုတာ ကျွန်တော် ထည့်သွင်းခြင်း ဖြစ်ပါတယ်။ မြို့နယ်မှာပဲဖြစ်ဖြစ်၊ ကျေးရွာမှာပဲဖြစ်ဖြစ် အုပ်ချုပ်ရေးမှူး မသိဘဲနဲ့ ဒီ လူစုပေးခြင်း၊ ခေါ်တွေ့ခြင်း အစည်းအဝေးကို ကျွန်တော်တို့ မရနိုင်ဘူးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ကောင်းပါပြီ၊ ကောင်းပါပြီ။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)** ။ ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၃၂။**

**ဥက္ကဋ္ဌ** ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသောတိုင်းဒေသကြီးသို့မဟုတ်ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၂း၃၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးမယ့် အမည်စာရင်း တင်သွင်းတဲ့ လွှတ်တော် ကိုယ်စားလှယ်မရှိတဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူပါမယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်- အခန်း(၁)၊ အပိုဒ် ၂(ဠ)

လွှတ်တော်ကိုယ်စားလှယ် ရုံးဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များအား ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ခွင့်ပြုထားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် မြို့နယ်များတွင် ဖွင့်လှစ်ထားသော ရုံးကိုဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဠ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဠ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်- အခန်း(၄)၊ အပိုဒ် ၉(င)

မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင် စေဘဲ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအတွင်းရှိ အာဏာပိုင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခြင်းလို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘော မတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉(င) သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်- အခန်း(၄)၊ အပိုဒ် ၉(စ)

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော် တံခါးပိတ်အစည်းအဝေးများနှင့် ကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးသည့် အကြောင်းကိစ္စများ၊ နိုင်ငံတော်၏ လျှို့ဝှက်ချက်များ၊ လွှတ်တော်မှတ်တမ်းမှ ပယ်ဖျက်ထုတ်ပယ်ထားသော အကြောင်းကိစ္စရပ်များမှ အပ လွှတ်တော် တွင်သော်လည်းကောင်း၊ လွှတ်တော် အဖွဲ့အစည်းများတွင်သော်လည်းကောင်း ဆွေးနွေး ဆောင်ရွက်ချက်များကို မိမိအား တင်မြှောက်လိုက်သော မဲဆန္ဒနယ်ရှိ ပြည်သူများအား ပြန်လည် အစီရင်ခံခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉(စ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်- အခန်း(၄)၊ အပိုဒ် ၁၂(စ)

ဒီအပိုဒ်နဲ့ ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းမှာ ဦးပေါ်လျှံလွင် ဆွေးနွေးထားတဲ့ အပိုဒ်နဲ့ ဆက်စပ်လျက်ရှိပါတယ်။ ဒါကြောင့် ဒီအပိုဒ်ကိုလည်း ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၆)၊ အပိုဒ် ၂၁

လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသား လူမျိုးများအရေးကို လေ့လာတင်ပြနိုင်စေရန်အတွက် လိုအပ်သည့်အခါ ကော်မတီနှင့် အဖွဲ့များကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၂၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် အခန်း(၇)၊ အပိုဒ် ၂၈

လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလ သည် ၁၂ လ ထက်မပိုစေရဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၇)၊ အပိုဒ် ၄၂

လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော်

သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာ သာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့်လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ မေးမြန်းခြင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်းစသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော် ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၄၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၄၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၇)၊ အပိုဒ် ၄၉

ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊

ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့်အညီ အမည်စာရင်း အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၄၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၄၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း(၁၄)၊ အပိုဒ် ၇၈

လွှတ်တော်ရုံးသည် လွှတ်တော်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် သုံးစွဲကုန်ကျမည့် နှစ်စဉ် ဘဏ္ဍာငွေအရ/အသုံး ခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ရေးဆွဲပြုစုပြီး သက်ဆိုင်ရာသို့ ပေးပို့ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၇၈ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၇၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း(၁၄)၊ အပိုဒ် ၇၉

လွှတ်တော်သည် လိုအပ်သောမြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ် တည်ထောင်ခွင့်ပေးနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၇၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၇၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၁၄)၊ အပိုဒ် ၈၀

လွှတ်တော်ကိုယ်စားလှယ်များသည် ရုံးခန်းဖွင့်လှစ်ရန် လွှတ်တော်က ခွင့်ပြုလျှင် နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကို မိမိအစီအစဉ်ဖြင့်ကျခံ၍ ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်၊ကိုယ်စားလှယ်ရုံးများ၏ ဆောင်ရွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်လျှင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ)

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၈၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၈၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဒီပြည်သူ့လွှတ်တော် ဥပဒေ အခန်း(၁၂)(စ)နဲ့ ပတ်သက်ပြီးတော့ ဒါဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးကို ပေးပို့တဲ့အခါမှာ ခုံရုံးက သက်ဆိုင်ရာ နိုင်ငံရေးပါတီများရဲ့ အစီအစဉ်နဲ့ပဲ ဆောင်ရွက်သင့်ပါတယ် ဆိုပြီးတော့ ပြန်ကြားချက် ရရှိထားပါတယ်။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လက်တွေ့ဘဝကိုလည်း ဆက်လက်စဉ်းစားဖို့လိုပါတယ်။ ဒီလိုရေးဆွဲတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း ဆန့်ကျင်လို့ လုံးဝမရပါဘူး။ ဒီအတွက်ကို လိမ္မာပါးနပ်စွာနဲ့ ဥပဒေကြမ်းကော်မတီနဲ့ ဦးပေါ်လျှံလွင်၊ အခြား စိတ်ဝင်စားတဲ့ ကိုယ်စားလှယ်များ ဒီနေ့ပဲ ဆက်ပြီးတော့ကြားနာပါ။ မနက်ဖြန်မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကို ထပ်ပြီးတော့ ဒီမှာအတည်ပြုမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များမပြုဘဲသဘောတူကြောင်းဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း

**အချိန်၊ ၁၂း၄၁။**

**ဥက္ကဋ္ဌ** ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်အစည်းအဝေးတွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၅.၁၀.၂၀၁၁ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ အဆိုတင်သွင်းခဲ့ပြီး ၁၈.၁၀.၂၀၁၁ ရက်နေ့၌ ပြင်ဆင်ချက်

မရှိဘဲ အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ၁၉.၁၀.၂၀၁၁ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၇.၁၀.၂၀၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးခဲ့ရာ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပေါ် ပြင်ဆင်ချက်မရှိ သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ အရ အကြောင်းပြန်ကြားလာပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်းဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြပါတယ်။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်း ခွင့်ပြုရန်ဒေါက်တာအေးမောင်ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)၏ တင်ပြချက်ကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်းအမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၂:၄၂။**

**ဥက္ကဋ္ဌ** ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း တင်သွင်းခွင့်ပြုရန် အမျိုးသားလွှတ်တော်သို့ တင်ပြထားပါတယ်။ ဒီ ဥပဒေကြမ်းကို အောက်တိုဘာလ (၂၇) ရက်နေ့ ရက်စွဲနှင့် တစ်ကြိမ်ပေးပို့ပြီးတော့ ထပ်မံပြင်ဆင်ချက်အနေနဲ့ အောက်တိုဘာလ (၃၁)ရက်နေ့ရက်စွဲနှင့်နောက်ဆုံးပြင်ဆင်ချက်ပေးပို့ထားပါတယ်။အလားတူပင် ဒေါက်တာအေးမောင် အပါအဝင် ယခုဖတ်ပြမယ့် လွှတ်တော်ကိုယ်စားလှယ်များက ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံးကို တင်ပြထားချက် တစ်ခုရှိပါတယ်။ ဒီကိုယ်စားလှယ်တွေကတော့ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးခင်မောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)၊ ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဦးဂျေယောဝူ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊

ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)၊ ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ဦးစောအောင်ကျော်နိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးစောငြိမ်းသင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)၊ ဦးဖွေ့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဦးကျော်သိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)၊ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဦးမင်းမျိုးတင့်လွင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)၊ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) တို့ဖြစ်ပါတယ်။

ဧင်းတို့ရဲ့ တင်ပြချက်ကိုဖတ်ကြားပြပါမယ်။လျှောက်ထားကြသူများဒေါက်တာအေးမောင် အပါ (၂၃)ဦးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥပဒေပုဒ်မ ၁၅(ဃ)အရ လျှောက်ထားခြင်း။ အပိုဒ်(၁) လျှောက်ထားကြသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း(၂၁၈)ဦး၏ (၁၀)ရာခိုင်နှုန်းကျော်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် များဖြစ်ကြပါသည်။ (၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေ(၁)၊ ပုဒ်မ ၅ တွင် ဖော်ပြထားသည့် တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဆိုသည့် စကားရပ်သည် လည်းကောင်း၊ အပိုဒ်(၂)၊ ပုဒ်မ ၄(ဂ)တွင် ဖော်ပြထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများတွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ပါဝင်မှုမရှိခြင်းသည်လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမှု ရှိ/မရှိ လျှောက်ထားသူများက သိလိုကြပါသည်။ လျှောက်ထားရသည့် အကြောင်းပြချက်များ- နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က) ၊ ပုဒ်မခွဲငယ်(၄) နှင့် ပုဒ်မခွဲ(င)တို့အရလည်း တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဖြစ်ပါသည်။ (၂) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ်(၂)အရ

နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်ချက်အရလည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဖြစ်ပါသည်။ (၃) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(ဈ)အရ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အခြားဝန်ကြီးဌာန တာဝန်များကိုလည်း ပူးတွဲတာဝန် ထမ်းဆောင်ခွင့် ရရှိနိုင်ပါသည်။ (၄) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဌ)၊ ပုဒ်မခွဲငယ်(၂) အရ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဟု သီးခြားမဖော်ပြဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာဝန်ကြီးချုပ်အားလည်းကောင်း ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်ဟု ပြဋ္ဌာန်းထားပါသည်။ (၅) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၃ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးတစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနှင့် ပုဒ်မ ၂၆၄ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးတစ်ဦး နှုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်း၊ လစ်လပ်ရာထူးနေရာ ဖြည့်စွက်ခြင်း၊ ပြဋ္ဌာန်းချက်တို့၌ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဟု ခွဲခြားမှုမပြုဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ်ဖြင့်သာ ဖော်ပြထားပါသည်။ အထက်ပါအကြောင်းပြချက် (၁) မှ (၅)အထိ ပြဋ္ဌာန်းချက်များတွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် အခြားဌာနဆိုင်ရာဝန်ကြီးတို့ကို အဆင့်အတန်းမခွဲခြားဘဲ အဆင့်တူဝန်ကြီးများအဖြစ် ပြဋ္ဌာန်းထားပါသည်။ သို့သော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၄ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး စာရင်း၌ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးကို ထည့်သွင်းမထားပါ။ ယင်းဥပဒေပုဒ်မ ၅ ၌ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများနှင့် တစ်တန်းတည်း၊ တစ်စားတည်း ပြဋ္ဌာန်းထား ပါသည်။ ၎င်းအပြင် ယင်းဥပဒေ ပုဒ်မ ၁၇ တွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ အဆောင်အယောင်များကို အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ အဆင့်ထက် နိမ့်ချခံစားခွင့် ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ပါ၍ (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၄(ဂ) တွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး များနှင့် တစ်တန်းတစ်စားတည်း မသတ်မှတ်ခြင်းနှင့် ယင်းဥပဒေပုဒ်မ ၅ တွင် တိုင်းရင်းသား

လူမျိုးရေးရာဝန်ကြီးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ နှင့် တစ်တန်းတစ်စားတည်း သတ်မှတ်ပြဋ္ဌာန်းထားခြင်း၊ (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၁၇ တွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား အခြားဝန်ကြီးများထက် တစ်ဆင့်နိမ့်ချပြီး အဆောင် အယောင်ခံစားခွင့် သတ်မှတ်ပြဋ္ဌာန်းခြင်းတို့သည် တိုင်းရင်းသားရေးရာ ဝန်ကြီးအဆင့်အတန်း နှင့် ညီညွတ်မှု ရှိ/မရှိ သိရှိလိုပါသဖြင့် စိစစ်ဆုံးဖြတ်ပေးပါရန် လေးစားစွာ လျှောက်ထား ကြပါသည် ဆိုပြီး ဖော်ပြထားပါတယ်။ ဒီဖော်ပြချက်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်တဲ့ အတွက် ဒါကို ဥက္ကဋ္ဌအနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌကို ဆက်လက် တင်ပြပေးမှာဖြစ်ကြောင်း ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအေးမောင် တင်ထားတဲ့ ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ရင် ပြည့်စုံပြီလား၊ မပြည့်စုံ သေးဘူးလား ဆိုတာနဲ့ပတ်သက်ပြီး ဥက္ကဋ္ဌရဲ့ လေ့လာချက်(၁)ခုရှိပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေကို ပြန်ကြည့်ဖို့လိုပါတယ်။ ဒီဥပဒေ၊ ဝန်ကြီးဌာနနဲ့ ဥပဒေကို နည်းနည်းလေးဖတ်ပြပါမယ်။

အခန်း(၂) ဖွဲ့စည်းခြင်းနှင့် ခန့်အပ်တာဝန်ပေးခြင်း။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ ဖွဲ့စည်းခြင်း- ၃ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်- (၁) ဝန်ကြီးချုပ်၊ (၂) ဝန်ကြီးများ၊ (၃) ဥပဒေချုပ်၊ (ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ရာထူးအလျောက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတွင်းရေးမှူး ဖြစ်သည်။ ဝန်ကြီးဌာနနှင့်ဝန်ကြီး ဦးရေသတ်မှတ်ခြင်း- (၄) နိုင်ငံတော် သမ္မတသည် သက်ဆိုင်ရာ လွှတ်တော်၏သဘောတူညီချက်ဖြင့် (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန အရေအတွက်ကို အနည်းဆုံး(၅)ခုမှ အများဆုံး(၁၀)ခုအထိ သတ်မှတ်ရ မည်။ ယင်းသို့ သတ်မှတ်သော ဝန်ကြီးဌာန အရေအတွက်အတွင်း ပြင်ဆင်သတ်မှတ်ခြင်းနှင့် ဖြည့်စွက် သတ်မှတ်ခြင်းများ ပြုနိုင်သည်။ (ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး

ဦးရေကို အနည်းဆုံး(၅)ဦးမှ အများဆုံး(၁၀)ဦးအထိ သတ်မှတ်တာဝန်ပေးရမည်။ ယင်းသို့ သတ်မှတ်သော ဝန်ကြီးဦးရေအတွင်း တိုးခြင်းနှင့် လျော့ခြင်းများ ပြုနိုင်သည်။ ဝန်ကြီးများ သတ်မှတ် တာဝန်ပေးအပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွက်နှင့် မန္တလေးတိုင်းဒေသကြီး အတွက် ဝန်ကြီးတစ်ဦးစီကို မြို့တော်ဝန်အဖြစ် တာဝန်ပေးရမည်။ (ဂ) ဒီပုဒ်မ ၄(ဂ) အရေးကြီး ပါတယ်။ ပုဒ်မခွဲ(ခ)အရ သတ်မှတ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဦးရေတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့် ရာထူးအလျောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဖြစ်ပြီးသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ မပါဝင်စေရ ဆိုပြီးတော့ ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေရော ပြင်ဖို့ မလိုဘူးလားဆိုတဲ့ စဉ်းစားရမယ့် ကိစ္စတစ်ခု ပေါ်လာ ပါတယ်။ ဒီဥပဒေ မပြင်ဘဲနဲ့ အဆောင်အယောင် လုပ်ငန်းတာဝန်ကို မကြည့်ဘဲနဲ့ အဆောင် အယောင်ကိုတစ်ခြမ်းတည်းကို ကြည့်လို့ရှိရင် အဓိပ္ပာယ်က တစ်မျိုးဖြစ်သွားနိုင်တဲ့ အနေအထား မျိုးရှိပါတယ်။ အဲတော့ အခု အဓိပ္ပာယ်တွေနဲ့ ပတ်သက်လို့လည်း အခြေခံဥပဒေခုံရုံးကို တင်ပြ မေးမြန်းထားဆဲ ဖြစ်တဲ့အတွက် အခြေခံဥပဒေ ခုံရုံးကလည်း တခြားဆက်စပ်တဲ့ ဥပဒေများ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပေးပို့ဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံ ဥပဒေခုံရုံးရဲ့ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းပြီးတော့မှ ဒေါက်တာအေးမောင် ရဲ့ ဥပဒေကြမ်းကို တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ၄၃ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၄၄ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့ကို ၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့ (နေ့လယ်) ၁၃း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၅၁။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ရက်မြောက်နေ့ အစည်းအဝေးကို ၁၂း၅၁ နာရီအချိန်တွင် ရပ်နားပါသည်။]